စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၉/၂၀၂၅

## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ပဲစင်းငုံ(မိုးဦး)များအောင်မြင်ဖြစ်ထွန်းလျက်ရှိ
- စဉ့်ကိုင်မြို့နယ်တွင်နှမ်းနှမ်းများအားလုံးရိတ်သိမ်းပြီးစီး
- ကျောက်ဆည်မြို့နယ်၏ နေကြာစိုက်ပျိုးမှုနှင့်ဈေးနှုန်းဈေးကွက်အခြေအနေ
- မန်ကျည်းပင်တစ်ပင်လုံးအသုံးဝင်ပုံနှင့်ဈေးနှုန်းဈေးကွက်

### နိုင်ငံတကာဈေးကွက်

- ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုအား ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ရက်ပေါင်း ၆၀ ရပ်ဆိုင်းမည်ဖြစ်
- အာရှဈေးကွက်အသစ်များသို့ ဆန်တင်ပို့ရန် ထိုင်းကုန်သည်များ ကြိုးပမ်း
- ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့မှုများသောကြောင့် အိန္ဒိယတွင် ဆန်ဈေးသည် နှစ်ရက်အတွင်း ၁၄ ရာခိုင်နှုန်းမြင့်တက်
- ဂျပန်အစိုးရမှ အရန်ဆန်များထုတ်ရောင်းပေးမှု ကျဆင်းလာသည့်အတွက် ဆန်ဈေးနှုန်းများပြန်လည်မြင့်တက်လာလျက်ရှိ
- ဆန်တန်ချိန် ၅ သိန်းတင်သွင်းရန် ကုမ္ပဏီ ၂၄၂ ခုသို့ ဘင်္ဂလားဒေ့ရှ်အစိုးရခွင့်ပြု
- ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ အဆိုပြုတင်ပြလာသည့် ဆန်တင်သွင်းမှုအပေါ် အခွန်တိုးမြှင့်ကောက်ခံရန်ကိစ္စအား ပြည်ထောင်စုအစိုးရအဖွဲ့တွင် အရေးတကြီးဆွေးနွေးလျက်ရှိ
- ဆန်တင်သွင်းမှု ဆိုင်းငံ့သော်လည်း သွင်းကုန်အခွန် တိုးမြှင့်မည်မဟုတ်ဟု ဖိလစ်ပိုင်ဘဏ္ဍာရေးအတွင်းဝန်ပြောကြား
- ပွဲတော်ရာသီဝယ်လိုအားအရ ပဲမျိုးစုံဈေးနှုန်းများ မြင့်တက်နိုင်သည်ဟု အိန္ဒိယကုန်သည်အသင်းပြောဆို
- အိန္ဒိယနိုင်ငံတွင် ယခုနှစ် ခါရစ်(မိုး)စိုက်ပျိုးရာသီတွင် ပဲစင်းငုံစိုက်ပျိုးဧရိယာ ၈ ရာခိုင်နှုန်းခန့်ကျဆင်း
- ဂျုံနှင့် ပဲပိစပ်ကိုအဓိကထားသည့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံတန်ဖိုးရှိသော အမေရိကန်စိုက်ပျိုး မွေးမြူရေးထုတ်ကုန်များ တင်သွင်းရန် အင်ဒိုနီးရှားစီစဉ်
- ပြည်တွင်းဈေးကွက်သို့ စားအုန်းဆီတိုးမြှင့်ရောင်းချရန် ထုတ်သူလုပ်များအား အင်ဒိုနီးရှားအစိုးရ တွန်းအားပေး
- အမေရိကန်နိုင်ငံနှင့်တရုတ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုများဖြစ်ပေါ်နေခြင်းကြောင့် ဂျပန်နိုင်ငံတွင် ကြက်သွန်နီနှင့် ကြက်သွန်ဖြူများ ပိုမိုဈေးသက်သာလာလျက်ရှိ
- ဂျပန်နိုင်ငံတွင် ဗီယက်နမ်ငှက်ပျောသီးများမှာ ဖိလစ်ပိုင်ငှက်ပျောသီးများ၏ ဈေးကွက်ဝေစုများကို ရယူလာလျက်ရှိ

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

- ကမ္ဘောဒီးယားမှဒူးရင်းသီးများ တရုတ်သို့ တိုက်ရိုက်တင်ပို့လာ
- အမေရိကန်အခွန်မှထိခိုက်မှုကိုတန်ပြန်ရန်နိုင်ငံပေါင်း ၅၀ သို့ပို့ကုန်ဈေးကွက်ချဲ့ထွင်သွားမည့်အိန္ဒိယနိုင်ငံ
- အာဖဂန်နစ္စတန်မှတာဂျီကီစတန်သို့ ပထမဆုံးငါးအစာ တင်ပို့မှုအားစတင်
- ထိုင်ဝမ်သည် ဗီယက်နမ်နိုင်ငံမှ တင်ပို့သည့် ဘိလပ်မြေနှင့် ကလစ်ကာများအပေါ် တန်ပြန်ကောက်ခံသည့် အခွန် (Anti – Dumping Duties )ကောက်ခံသွားမည်
- ဒူဘိုင်းပြည်နယ်တွင် ဒေသအခြေစိုက်ရုံးချုပ်တည်ထောင်ရန်အတွက် တရုတ်နိုင်ငံမှ Zhuanzhuan Group နှင့် DAFZ တို့ပူးပေါင်းဆောင်ရွက်
- ၂၀၃၀ ခုနှစ်တွင် ကုန်သွယ်မှုနှစ်ဆဖြစ်ပေါ်ရန် သမိုင်းတွင် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီမှုကို လက်မှတ်ရေးထိုးလိုက်သည့် အိန္ဒိယနိုင်ငံနှင့် ဗြိတိန်နိုင်ငံ
- တောင်ကိုရီးယားနိုင်ငံတွင်း စက်သုံးဆီအတွက် ကောက်ခံသည့်အခွန် လျှော့ချပေးမှုကို ၂၀၂၅ ခုနှစ် အောက်တိုဘာလအထိ သက်တမ်းတိုးမြှင့်သွားမည်
- ၂၀၂၅ ဘဏ္ဍာနှစ် ပထမနှစ်ဝက်တွင် ဂျပန်နိုင်ငံ၏ စာရင်းရှင်စာရင်းပိုငွေမှာ ၉ ရာခိုင်နှုန်းများပြားခဲ့
- သီရိလင်္ကာက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ငါးလုပ်ငန်းအပေါ် အထောက်အပံ့ပေးမှုဆိုင်ရာ သဘောတူညီချက်ကို လက်ခံခဲ့ပြီး အဆိုပါသဘောတူညီချက်အသက်ဝင်ရန် ၄ နိုင်ငံသာ လိုအပ်
- ရုရှားသည် အင်ဒိုနီးရှားနိုင်ငံသို့ ဓာတ်မြေဩဇာအများဆုံးတင်ပို့သည့် နိုင်ငံဖြစ်လာ

## ပြည်တွင်းကုန်သွယ်မှုသတင်း

- ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်
- အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ အရည်အသွေးမြင့် ဝါမျိုးစေ့တင်ပို့နိုင်ရေးနှင့် တန်ဖိုးမြှင့်ထောပတ်သီးထုတ်လုပ်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေး
- နှမ်းတန်ချိန် ၂,၀၀၀ ကျော် အရောင်းအဝယ်လုပ်နိုင်ရန် မျှော်မှန်း
- ငါးဈေးကွက်သို့အချိန်အခါမဟုတ် ကန်ဖော်ရောင်းချမှုကြောင့်ပုံမှန်မွေးမြူထုတ်လုပ်ရောင်းချမှုကွင်းဆက်ပြတ်လပ်သွားနိုင်

## ပြည်ပကုန်သွယ်မှုသတင်း

- အခွန်လွတ်ပြောင်းတင်ပို့ခွင့် ကုန်ဆုံးတော့မည်ဖြစ်သည့်အတွက် ပြောင်းဈေးကျလာ
- ငွေကျပ်တစ်ထောင်ကို ရုရှားရူဘယ် ၃၇ ဒသမ ၉ နှင့်ညီမျှကြောင်း ရုရှားဗဟိုဘဏ်သတ်မှတ်

## အထူးဆောင်းပါးများ

- အိန္ဒိယပုစွန်တင်ပို့သူများက အမေရိကန်၏ အခွန်သက်ရောက်မှုကိုကာမိစေရန် အစိုးရ၏မက်လုံးပေး အကူအညီများအားတောင်းခံ
- ရုရှားနိုင်ငံထံမှရေနံဝယ်ယူခြင်းကြောင့် အိန္ဒိယနိုင်ငံအပေါ် သွင်းကုန်ခွန်များချမှတ်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံက ထုတ်ပြန်

## ကုန်သွယ်မှုအခြေအနေ၊ ကုန်စည်ဈေးနှုန်းများ

# ပြည်တွင်းဈေးကွက်

### ပဲစင်းငုံ(မိုးဦး)များအောင်မြင်ဖြစ်ထွန်းလျက်ရှိ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ပဲစင်းငုံ(မိုးဦး) စိုက်ဧက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၇၁၀ ဧက စိုက်ပျိုးထားကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရသည်။ ပဲစင်းငုံကို သီးသန့် စိုက်ပျိုးမှုများရှိသလို သီးထပ်သီးညှပ်

အဖြစ်လည်း စိုက်ပျိုးကြကြောင်း၊ အများဆုံးစိုက်ပျိုးသောမျိုးများမှာ ကြေးနီရောင်တဘက်လှဲမျိုး၊ ရွှေဝါရောင်လုံးသေးဒင်္ဂါးမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ မေလနှင့် ဇွန်လ များတွင် စတင်စိုက်ပျိုးခဲ့ပြီး ဖေဖော်ဝါရီလနှင့်မတ်လများတွင် စတင်ထွက်ပေါ်မည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် မိုးရွာသွန်းမှုကောင်းသောကြောင့် ပဲစင်းငုံများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ၃၀၀,၀၀၀ ကျပ် ဝန်းကျင်ခန့်ကုန်ကျကြောင်း၊ ယခင်နှစ် အထွက်နှုန်းအနေဖြင့် ၁၀-၁၁ တင်းခန့် ထွက်ရှိခဲ့ကြောင်း၊ ဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ၁၀၈,၀၀၀ ကျပ်ဈေးနှုန်းရှိခဲ့ပြီး အကျိုးအမြတ်အနေဖြင့် ၇၈၀,၀၀၀ ကျပ်ခန့်မြတ်ခဲ့ကြောင်း၊ ယခုအချိန်တွင် ပဲစင်းငုံများ ထွက်ပေါ်ခြင်းမရှိသေးသော်လည်း ဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ၈၆,၀၀၀ ကျပ် ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ပဲစင်းငုံကို ပဲဟင်း၊ ပဲကြော်၊ ပဲစင်းငုံအသီးကို အစိမ်းပြုတ်၍ စားသုံးကြသည်။ ပဲစင်းငုံစားသုံးခြင်းဖြင့် ပန်းနာရင်ကြပ်ရောဂါများကိုလည်း ပျောက်ကင်းစေသည့်အပြင် သွေးအားနည်းရောဂါ၊ သွေးတိုးကိုကျစေပြီး ကိုယ်ခံအားစနစ်ကိုကောင်းမွန်စေသည်။ ပဲစင်းငုံစားသုံးခြင်းဖြင့် ကျန်းမာရေးအကျိုး ကျေးဇူးများရရှိသဖြင့် စားသုံးသင့်ကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/47427

## စဉ့်ကိုင်မြို့နယ်တွင်နွေနှမ်းများအားလုံးရိတ်သိမ်းပြီးစီး

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်သည် ဆီထွက်သီးနှံမျိုးစုံ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ၄င်းသီးနှံများအနက် နွေနှမ်းသီးနှံကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စဉ့်ကိုင်မြို့နယ်၌ ၂၃,၄၄၄ ဧက စိုက်ပျိုးပြီး ၎င်းဧကများအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သက်ဆိုင်ရာဌာန၏စာရင်းများအရ သိရသည်။

နွေနှမ်း ၁ ဧကစိုက်ပျိုးလျှင် မျိုးအနေဖြင့် ၂-၃ ပြည် စိုက်ပျိုးရကြောင်း ၁ ပြည်လျှင် ၈၀၀၀ ကျပ် ဈေးနှုန်းဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ နွေနှမ်းစိုက်ပျိုးမှု ၁ ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ၃၅၀,၀၀၀ ကျပ်ခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးသောမျိုးများမှာ နှမ်းဖြူ၊ နှမ်းညို၊ နှမ်းနက်မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ယခုအချိန်တွင် နှမ်းဖြူ တစ်တင်းလျှင် ၁၂၂,၀၀၀ ကျပ်၊ နှမ်းညိုတစ်တင်းလျှင် ၉၆,၀၀၀ ကျပ်၊ နှမ်းနက်တစ်တင်းလျှင် ၉၆,၀၀၀ ကျပ် ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ၁ ဧက အထွက်နှုန်းအနေဖြင့် ၁၀-၁၁ တင်းခန့်ထွက်ရှိခဲ့ပြီး အကျိုးအမြတ်အနေဖြင့် ၈၇၀,၀၀၀ ကျပ်မြတ်ခဲ့ကြောင်း နွေနှမ်းစိုက်ပျိုးသော တောင်သူတစ်ဦး၏ပြောကြားချက်အရသိရသည်။

Source: https://www.doca.gov.mm/my/node/47420

## ကျောက်ဆည်မြို့နယ်၏ နေကြာစိုက်ပျိုးမှုနှင့်ဈေးနှုန်းဈေးကွက်အခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ နေကြာသီးနှံကိုလည်း တောင်သူများက သီးထပ်သီးညှပ်စိုက်ပျိုးသည့်အပြင် သီးသန့်ဧကအလိုက်စိုက်ပျိုးလျက်ရှိသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျောက်ဆည်မြို့နယ်တွင် နေကြာ(မိုး) စိုက်ဧက ၂,၆၀၈ ဧက စိုက်ပျိုးထားရှိကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရသည်။

နေကြာ(မိုး) စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ၃၅၀,၀၀၀ ကျပ် ခန့်ကုန်ကျကြောင်း၊ နေကြာ(မိုး)ကို မတ်လနှင့်ဧပြီလများတွင် စတင်စိုက်ပျိုးကြပြီး ယခုအချိန်တွင် နေကြာများ ရိတ်သိမ်းနေပြီဖြစ်ကြောင်း၊ နေကြာဈေးနှုန်းအနေဖြင့် ယခင်နှစ်တွင် တစ်တင်းလျှင် ၅၅,၀၀၀ ကျပ် ဈေးနှုန်းရှိခဲ့ပြီး ယခုအချိန်တွင်လည်း တစ်တင်းလျှင် ၅၅,၀၀၀ ကျပ် ဈေးနှုန်းများဖြင့်အရောင်းအဝယ်ဖြစ်နေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း၊ အထွက်နှုန်းအနေဖြင့် ၂၀-၂၅ တင်းခန့်ထွက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် ၇၅၀,၀၀၀ ကျပ် မြတ်ခဲ့ကြောင်း၊ နေကြာစိုက်ပျိုးသော တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

Source: https://www.doca.gov.mm/my/node/47418

## မန်ကျည်းပင်တစ်ပင်လုံးအသုံးဝင်ပုံနှင့်ဈေးနှုန်းဈေးကွက်

မန္တလေးတိုင်းဒေသကြီးအတွင်းတွင် မန်ကျည်းပင်များပေါများလှသည်။ မန်ကျည်းပင်သည် အမြင့် ၃ ပေ လောက်အရွယ်မှစတင်ကာ အရွယ်နုကလေးများကို စတင်ကြော်၊ ချဉ်ရည်၊ အသုပ်များ အသုံးပြုလာကြသည်။ မန်ကျည်းရွက်များမှာ တန်ခူးလမှ နယုန်လအထိ ပေါ်ဦးပေါ်စ မန်ကျည်းရွက်နုများ စတင်ထွက်ရှိသည့်အချိန်တွင် ၁၀ သားလျှင် ၂,၀၀၀ ကျပ်မှ

လှိုင်လှိုင်ပေါ်များသည့် အချိန်တွင် ၁၀ သားလျှင် ၁,၀၀၀ ကျပ်နှင့်ရက်ရှည်လများ စားသုံးရန် မန်ကျည်းချဉ်များပြုလုပ်၍ စားသုံးရန်သာမက စီးပွားဖြစ် ရောင်းချမှုများ ပြုလုပ်ကြသည်။

မန်ကျည်းအရွက်များရင့်လာပြီး ဝါဆို၊ ဝါခေါင် မန်ကျည်းအစိမ်းများ ဈေးကွက်အတွင်းသို့ဝင်ရောက်လာပြီး ပေါ်ဦးပေါ်စ အချိန်တွင် မန်ကျည်းစိမ်း ၁၀ သားလျှင် ၂,၀၀၀ ကျပ် လှိုင်လှိုင်ဝင်ရောက်လာသည့် အချိန်တွင် ၁,၀၀၀ ကျပ်ရှိကြပြီး မန်ကျည်းကို အစိမ်းထောင်း၊ ကြော်ချက်၍ ပုစွန်နှင့် မှျစ်တို့ဖြင့် ရောနှောချက်ပြုတ်စားပြီး စားသောက်ကြသည်။ ထိုမှတစ်ဆင့် တပေါင်း၊ တန်ခူးလတို့တွင် မန်ကျည်းသီးမှည့်များ ဈေးကွက်သို့ဝင်ရောက်လာပြီး မန်ကျည်းသီးမှည့်အသစ်များ ၁ ပိဿာလျှင် ၁၀,၀၀၀ ကျပ် ထိရှိခဲ့သည်။ မန်ကျည်းသီးအမှည့် ဗလာချောင်ကြော်၊ ချဉ်ရည်ဟင်း၊ ခေါက်ဆွဲကြော်၊ ကြာဇံကြော်တို့နှင့်လည်း အချဉ်ပြုလုပ်ပြီးစားကြပြီး မန်ကျည်းဖျော်ရည်၊ မန်ကျည်းတော်ဖီများပြုလုပ်ကြသည်။ မန်ကျည်းပင်သည် အသားမာကြော သောကြောင့် အသား၊ ငါးခုတ်ရာတွင် စဉ်းတီတုံး ပြုလုပ်၍ ငင်းတုံးဖုတ်ရာတွင်လည်း ထင်းအဖြစ် အသုံးပြုကြောင်းသိရသည်။

Source: https://www.doca.gov.mm/my/node/47435

## နိုင်ငံတကာဈေးကွက်

### ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုအား ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ရက်ပေါင်း ၆၀ ရပ်ဆိုင်းမည်ဖြစ်

ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုအား ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ရက်ပေါင်း ၆၀ ရပ်ဆိုင်းမည် ဖြစ်ကြောင်း သမ္မတမားကို့စ်ဂျူနီယာမှ ၎င်း၏အိန္ဒိယနိုင်ငံသို့ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၄ မှ ၈ ရက် နေ့ထိသွားရောက်နေသည့် နိုင်ငံတော်ခရီးစဉ်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့်သီးသန့်အစည်းအဝေး ပြုလုပ်၍ အမိန့်ညွှန်ကြားချက်အား ၂၀၂၅ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဆန်တင်သွင်းမှုရက်ပေါင်း ၆၀ ရပ်ဆိုင်းရခြင်းမှာ လက်ရှိစပါး ရိတ်သိမ်းချိန်ကာလအတွင်း စပါး (Palay) ဈေးနှုန်း ကျဆင်းခြင်းကြောင့် ပြည်တွင်းဆန်တောင်သူများ၏ အကျိုးစီးပွားထိခိုက်မှု လျော့ပါးသက်သာစေရန်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ အကြံပြုတင်ပြခဲ့သည့်အချက် ၂ နှစ်မှာ စပါးရိတ်သိမ်းချိန်ကာလတွင်း ပြည်တွင်း တောင်သူများ၏ အကျိုးစီးပွားကိုအကာအကွယ်ပေးနိုင်စေရန် ဆန်တင်သွင်းမှုအား ခေတ္တရပ်ဆိုင်းပေးရန်နှင့် ဆန်တင်သွင်းမှု အပေါ်ကောက်ခံသည့် အခွန်နှုန်းထားအား တဖြည်းဖြည်းတိုးမြှင့်သွားရန်ဖြစ်သည်။ ဆန်တင်သွင်းမှုအား ရက်ပေါင်း ၆၀ ရပ်ဆိုင်းသွားမည့်မူဝါဒအား ဦးစွာအတည်ပြုညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်းနှင့် ဆန်တင်သွင်းမှုအပေါ် အခွန်တိုးမြှင့်ကောက်ခံ သွားရန်ကိုမူ ညှိနှိုင်းဆွေးနွေးသွားဦးမည်ဖြစ်ပြီး မတတ်သာသည့်နောက်ဆုံးသောအခြေအနေရောက်ရှိမှသာ အသုံးပြုသွားမည့် မူဝါဒတစ်ခုဖြစ်ကြောင်း သမ္မတမားကို့စ် ဂျူနီယာက ပြောကြားထားသည်ကိုတွေ့ရသည်။

လာမည့်စက်တင်ဘာလတွင် စတင်မည့် စပါးရိတ်သိမ်းချိန်တွင် စပါးဈေးနှုန်းများမှာ ဆက်တိုက်ကျဆင်းလျက်ရှိနေ ဦးမည်ဆိုပါက တောင်သူများအရှုံးနှင့်ရင်ဆိုင်ရနိုင်ခြေရှိကြောင်း၊ နှစ်စဉ်အားဖြင့် စပါးဈေးနှုန်းမှာ တစ်ကီလိုလျှင် ၆ ပီဆိုနှုန်းဖြင့် ကျဆင်းနေခဲ့ခြင်းကြောင့် ၂၀၂၅ ခုနှစ်၊ ပထမ ၆ လပတ်အတွင်း ပြည်တွင်းဆန်တောင်သူများ၏ အရှုံးမှာ ပီဆို ၅၄ ဒသမ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဘီလီယံနီးပါးခန့်) ရှိခဲ့ပြီဖြစ်ကြောင်း Federation of Free Farmer (FFF) မှ ပြောကြားထား သည်။ ထိုကဲ့သို့ တောင်သူများအရှုံးနှင့်ရင်ဆိုင်ရခြင်းမှာ အခွန်နှုန်းလျော့ကျခြင်းကြောင့် ဆန်တင်သွင်းမှုပမာဏမြင့်မားလာခြင်း နှင့် စပါးဈေးနှုန်းများကျဆင်းလာခြင်းကြောင့် တောင်သူများရောင်းချရမှု ကျဆင်းလာသဖြင့် လက်ကျန်သယ်ယူလာသည့် ပမာဏများ (carry over rice stocks) တဖြည်းဖြည်း မြင့်တက်လာခြင်းတို့ကြောင့်ဖြစ်သည်။

Source: (ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/naypyitaw_08082025%201445

### အာရှဈေးကွက်အသစ်များသို့ ဆန်တင်ပို့ရန် ထိုင်းကုန်သည်များ ကြိုးပမ်း

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဆော်ဒီအာရေးဘီးယား၊ ဂျပန်နှင့် ဟောင်ကောင်ဒေသများသို့ ဆန်တင်ပို့မှုများ မြှင့်တင်ရန် အစီအစဉ်အား ကြေညာခဲ့သည်။

ထိုင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Jatuporn Buruspat က ၎င်းတို့ ဝန်ကြီးဌာနအနေ ဖြင့် ၂၀၂၅ ခုနှစ် ဒုတိယနှစ်ဝက်အတွက် ဆန်တင်ပို့မှုအပေါ် ထင်မြင်ယူဆချက်များကို ဆွေးနွေးရန်အတွက် ထိုင်းဆန်တင်ပို့သူများအသင်းနှင့်

အစည်းအဝေးကျင်းပခဲ့ကြောင်း၊ အစိုးရချင်း သဘောတူညီမှု စာချုပ်အောက် တွင် တင်ပို့ရန်ကျန်ရှိနေသည့် ဆန်တန်ချိန် ၂၈၀,၀၀၀ ကို တင်ပို့မှုအရှိန်မြှင့်တင်ရန်အတွက် တရုတ်အရာရှိများနှင့် ပူးပေါင်းဆောင်ရွက်ရန် နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန အား ညွှန်ကြားခဲ့ကြောင်း ပြောကြားခဲ့သည်။

ထိုင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ထိုင်းစပယ်ဆန်အတွက် ဝယ်လိုအား များလာသော ဈေးကွက်ဖြစ်သည့် ဟောင်ကောင်အပြင် ဆန်ဖြူနှင့်ပေါင်းဆန်တို့ကို အဓိကဝယ်ယူသည့်နိုင်ငံများဖြစ်သည့် ဂျပန်၊ ဆော်ဒီ အာရေးဘီးယားနှင့် ဘင်္ဂလားဒေ့ရှ်ကဲ့သို့ အဓိကဈေးကွက်များတွင် အရောင်းမြှင့်တင်ရန် အတွက်လည်း အာရုံစိုက်လျက်ရှိ ကြောင်း သိရသည်။

ထိုင်းဆန်တင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က ယခုနှစ်သည် ကမ္ဘာ့ဆန်ပိုလျှံမှု နှင့် ဝယ်လိုအားကျဆင်းမှုကြောင့် စိန်ခေါ်မှုများသည့် နှစ်တစ်နှစ်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ယခင်နှစ်၌ ဆန်တန်ချိန် ၄ သန်း တင်သွင်းခဲ့သော အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ်တွင် ဆန်ပမာဏ အနည်းငယ်သာ ဝယ်ယူရန်ခန့်မှန်းထားကြောင်း၊ ယခုအတောအတွင်း ဆန်ဈေးနှုန်းများသည် တစ်ကီလိုဂရမ်လျှင် ၁၉ ဘတ်နှင့် ၂၀ ဘတ် အကြားရှိရာမှ ၁၀ ဒသမ ၅၀ ဘတ်အထိ တစ်ဟုန်ထိုး ကျဆင်းသွားကြောင်း သိရသည်။

Mr Chookiat က ၎င်းတို့ပြိုင်ဘက်နိုင်ငံများအနေဖြင့် ထိုင်းဆန်နှင့် ၎င်းတို့၏ ထုတ်ကုန်များအကြား အရည် အသွေးကွာဟမှုကို ကျဉ်းမြောင်းစေသည့် ဆန်အရည်အသွေးများ တိုးတက်လာပြီဖြစ်ကြောင်း၊ ထိုင်းဆန်များသည် ဆက်လက် ဈေးနှုန်းမြင့်တက်နေမည်ဆိုပါက ဝယ်သူများအနေဖြင့် အခြားဆန်များကို ပြောင်းလဲဝယ်ယူ နိုင်ကြောင်း ပြောကြားခဲ့သည်။

၎င်းတို့အနေဖြင့် ဈေးကွက်နည်းဗျူဟာများနှင့် အရောင်းမြှင့်တင်ရေးလုပ်ငန်းများကို မြှင့်တင်ရမည်ဖြစ်ပြီး အထူးသဖြင့် တရုတ်နှင့် အရှေ့အလယ်ပိုင်းဒေသများကဲ့သို့ အလားအလာရှိ ဈေးကွက်များတွင် အာရုံစိုက်ရန်လိုအပ်ကြောင်း၊ အာရှတွင် လူကြိုက်များမှု မြင့်တက်လာသော နူးညံ့သည့်ဆန်ကို ပိုမိုနှစ်သက်လာသည်နှင့်အညီ ၎င်းတို့၏ ထုတ်ကုန်အမျိုးအစားများကို မျိုးစုံဖြန့်ချိရမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းဆန်တင်ပို့သူများအသင်း၏ ဥက္ကဋ္ဌ Charoen Laothamatas က ယှဉ်ပြိုင်နိုင်စွမ်းအားကောင်းစေရန် ၁ ဒေါ်လာ လျှင် ဘတ်ငွေ ၃၃ - ၃၄ ဘတ်နှုန်းဖြင့် တည်ငြိမ်အောင်ထိန်းသိမ်းထားသင့်ကြောင်း အစိုးရသို့ အကြံပြုခဲ့သည်။ ငွေလဲနှုန်း မတည်ငြိမ်မှုသည် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၏ ဈေးကွက်ဆုံးဖြတ်ချက်များကို ထိခိုက်နိုင်ကြောင်း၊ ဆော်ဒီအာရေး ဘီးယားနိုင်ငံရှိ လုပ်သားစခန်းများတွင် စားသုံးသည့် ဆန်အမာဈေးကွက်ရရှိမှုနှင့် ဂျပန်သို့ ဆန်ပို့ကုန်ခွဲတမ်းတိုးမြှင့်ရရှိရေး အစိုးရအနေဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အီရတ်နိုင်ငံသည်လည်း ထိုင်းဆန်အတွက် အလားအလာရှိ သော နောက်ထပ်ဈေးကွက်တစ်ခုဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် ၂၀၂၅ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း ဘတ်ငွေ ၇၅ ဒသမ ၆ ဘီလီယံတန်ဖိုးရှိသော ဆန်တန်ချိန် ၃ ဒသမ ၇၃ သန်းကို တင်ပို့ခဲ့ရာ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်လျှင် တန်ချိန်အားဖြင့် ၂၇ ဒသမ ၃ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၃၆ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့ပြီး နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန၏ ခန့်မှန်းချက်အရ ယခုနှစ်အတွင်း ဆန်တန်ချိန် ၇ ဒသမ ၅ သန်းခန့်တင်ပို့နိုင်မည်ဟု မျှော်မှန်းထားသည်။

Source: Bangkok Post, 11 Aug 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့် လေ့လာရေးအဖွဲ့) , Source: https://www.doca.gov.mm/my/node/46491

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့မှုများသောကြောင့် အိန္ဒိယတွင် ဆန်ဈေးသည် နှစ်ရက်အတွင်း ၁၄ ရာခိုင်နှုန်းမြင့်တက်

ဘင်္ဂလားဒေ့ရှ်သို့ ဆန်အမြောက်အမြားတင်ပို့နေသည့် ကုန်သည်ကြီးများ၏လှုပ်ရှားမှုကြောင့် အိန္ဒိယပြည်တွင်းဆန် ဈေးနှုန်းများ ၂ ရက်အတွင်း ၁၄ ရာခိုင်နှုန်းအထိ ရုတ်တရက်မြင့်တက်သွားခဲ့ကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရက ဆန်တန်ချိန်ငါးသိန်းကို အကောက်ခွန်ကင်းလွတ်ခွင့်ပေးထားသောကြောင့် ယင်းသို့ ပြည်တွင်းဈေးကွက် ကမောက်ကမ ဖြစ်မှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

အနောက်ဘင်္ဂလားပြည်နယ်၊ ဥတ္တာပရာဒေ့ရှ်ပြည်နယ်၊ အိန္ဒိယတောင်ပိုင်းမှ ကုန်သည်များသည် ဘင်္ဂလားဒေ့ရှ်အစိုးရ ၏ ဆန်တင်သွင်းခွန် ၂၀ ရာခိုင်နှုန်းယာယီဖြေလျှော့မည့်အစီအစဉ်ကို ကြိုတင်သတင်းရရှိ ထားပြီး Petrapole နယ်စပ်(အိန္ဒိယ–

ဘင်္ဂလားဒေ့ရှ်နယ်စပ်)အနီးရှိ ၎င်းတို့၏ ကုန်လှောင်ရုံများတွင် ကုန်စည်များကို အဆင်သင့်ထားရှိထားကြောင်းသိရသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရ၏သွင်းကုန်ခွန်ဖယ်ရှားမှုနှင့်ပတ်သက်၍တရားဝင်ကြေညာချက်ကိုဗုဒ္ဓဟူးနေ့တွင်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

စားသုံးသူဈေးကွက်တွင် Swarna အမျိုးအစားဆန်သည် တစ်ကီလိုလျှင် ၃၄ ရူပီးမှ ၃၉ ရူပီး အထိ မြင့်တက်ခဲ့ပြီး Miniket အမျိုးအစားမှာ တစ်ကီလိုလျှင် ၄၉ ရူပီးမှ ၅၅ ရူပီးအထိတက်သွားကာ Ratna အမျိုးအစားသည် ယခင်က တစ်ကီလိုလျှင် ၃၆-၃၇ ရူပီးနှင့်နှိုင်းယှဉ်ပါက ရူပီး ၄၁- ၄၂ ဖြင့်ရောင်းချနေကြောင်း သိရသည်။ Sona Masoori မျိုးကွဲဆန်အမျိုးစား၏ ဈေးနှုန်းမှာလည်း ယခင်က တစ်ကီလိုလျှင် ၅၂ ရူပီး မှ ၅၆ ရူပီးအထိမြင့်တက်ခဲ့ကြောင်း သိရသည်။

ဆန်တင်ပို့ခြင်းနှင့်ဈေးကွက်ရှာဖွေရေးကုမ္ပဏီ RiceVilla ၏ CEO ဖြစ်သူ Suraj Agarwal က ဘင်္ဂလားဒေ့ရှ် အမျိုးသားအခွန်များဘုတ်အဖွဲ့သည် ဗုဒ္ဓဟူးနေ့မွန်းလွဲပိုင်းတွင် သွင်းကုန်ခွန်ဖျက်သိမ်းကြောင်း ကြေညာခဲ့ပြီး အိန္ဒိယနိုင်ငံမှ ထရပ်ကားများသည် ဗုဒ္ဓဟူးနေ့ညမှစတင်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မှုများ စတင်ခဲ့ကြောင်း၊ Petrapole-Benapole နယ်စပ်မှတစ်ဆင့် ဆန်တင်ပို့ရာတွင် ကုန်စည်ပို့ဆောင်မှုနှင့် စရိတ်စကအရ ပိုမိုယှဉ်ပြိုင်နိုင်သောကြောင့် ဥတ္တာပရာဒေ့ရှ် ပြည်နယ်နှင့် အိန္ဒိယတောင်ပိုင်းမှဆန်စက်များသည် ကုန်းလမ်းမှ ဆန်တင်ပို့နေကြခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

Swarna ဆန်အမျိုးအစားကို အိန္ဒိယနိုင်ငံတစ်ဝှမ်းတွင် စားသုံးကြပြီး Miniket အမျိုးအစားဆန်သည် အိန္ဒိယအရှေ့ပိုင်း နှင့် အရှေ့မြောက်ပြည်နယ်များတွင်ရေပန်းစားသည်။ Ratna မျိုးစိတ်သည် အိန္ဒိယမြောက်ပိုင်းတွင် ရေပန်းစားသော်လည်း Sona Masoori သည် တောင်ပိုင်းပြည်နယ်များတွင် အများဆုံးစားသုံးကြောင်း သိရသည်။

ဆန်တင်သွင်းခွန် ၂၀ ရာခိုင်နှုန်းကိုဖယ်ရှားရန် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ဆောင်ရွက်မှုသည် နိုင်ငံ၏ ဈေးကွက်တည်ငြိမ် စေရန်နှင့် စားသုံးသူများအား ငွေကြေးဖောင်းပွမှုမှ သက်သာရာရစေရေးကူညီပေးရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရ သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပြည်တွင်းဝယ်လိုအား ဖြည့်ဆည်းရန်အတွက် ဆန်တန်ချိန် ၁၃ သိန်းတင်သွင်းခဲ့ရပြီးနောက် ၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆန်ဈေးနှုန်းသည် ၁၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

ဆန်တင်ပို့ရောင်းချသည့်ကုမ္ပဏီ Halder Venture Limited ၏ မန်နေဂျင်းဒါရိုက်တာ Keshab Kumar Halder က ကမ္ဘာ့ဆန်ဈေးကွက်တွင် ထုတ်လုပ်မှုပိုလျှံနေပြီး အိန္ဒိယနိုင်ငံတွင်လည်း အစိုးရနှင့် ဂိုဒေါင်များတွင် လုံလောက်သော အရန်ဆန် စပါးများရှိနေကြောင်း၊ ထိုသို့သောအခြေအနေများကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်းများ ကျဆင်းလျက်ရှိရာ၊ ဘင်္ဂလားဒေ့ရှ်မှ ဝယ်ယူမှု များသည် အိန္ဒိယဆန်ဈေးကွက်အား ဝယ်လိုအားဖန်တီးပေးပြီး ကမ္ဘာ့ပေါက်ဈေးကို တစ်စိတ်တစ်ပိုင်းလိုက်လျောညီထွေဖြစ် အောင်ဖန်တီးခြင်းအားဖြင့် အိန္ဒိယဈေးကွက်ကို လတ်တလောကျဆင်းမှုကနေ ပြန်လည်နာလန်ထူလာရန် ကူညီပေးမည် ဖြစ်ကြောင်းပြောကြားခဲ့သည်။

Source: Rice prices in India jump 14% in two days as traders rush to Bangladesh, The Economic Times, August 14, 2025., (မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: [https://myantrade.gov.mm/article/STP(Ygn)_21082025_15:10](https://myantrade.gov.mm/article/STP(Ygn)_21082025_15:10)

## ဂျပန်အစိုးရမှ အရန်ဆန်များထုတ်ရောင်းပေးမှုကျဆင်းလာသည့်အတွက် ဆန်ဈေးနှုန်းများပြန်လည်မြင့်တက်လာလျက်ရှိ

ဈေးနှုန်းချိုသာသည့် အရန်ဆန်များကို ဂျပန်အစိုးရမှထုတ်ရောင်းပေးမှုမှာ ကျဆင်းလာသည့်အတွက် ဂျပန်နိုင်ငံ၏ စတိုးဆိုင်များတွင်ရောင်းချသည့် ဆန်ဈေးနှုန်းများမှာ လွန်ခဲ့သည့်ရက်သတ္တပတ်နှင့်နှိုင်းယှဉ်ပါက ၁ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းနှင့် ရက်သတ္တ ၁၀ ပတ်အတွင်း ပထမဆုံးအကြိမ်မြင့်တက်ခဲ့ကြောင်း ဂျပန်စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း ၂၀၂၅ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့ထုတ် The Asahi Shimbun သတင်းစာတွင် "Rice price edges up again as impact of reserve release fades" ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် အခွန်ကျသင့်ငွေ ထည့်သွင်းတွက်ချက်ပြီးသည့် ဆန် ၅ ကီလို ဂရမ် ၁ အိတ်၏ ပျမ်းမျှဈေးနှုန်းမှာ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့မှ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့အထိ ရက်သတ္တ ၁ ပတ်တာ ကာလအတွင်း ၃,၆၂၅ ယန်း (အမေရိကန်ဒေါ်လာ ၂၅ ဒေါ်လာ)ရှိခဲ့ကြောင်းနှင့် ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ၄၀ ယန်းများပြားလာခဲ့ကြောင်း ဖော်ပြ ထားသည်။

အပတ်စဉ်ထုတ်ပြန်လျက်ရှိသည့် ဂျပန်နိုင်ငံ၏ ပျမ်းမျှဆန်ဈေးနှုန်းမှာ ဂျပန်နိုင်ငံတစ်ဝန်းရှိ စတိုးဆိုင် ၁,၀၀၀ ကျော်တွင် လက်လီရောင်းချသည့်ဆန်ဈေးနှုန်းများကို သုတေသနကုမ္ပဏီက ပျမ်းမျှတွက်ချက်၍ ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း၊ ဂျပန်အစိုးရမှ အရန်ဆန်များထုတ်ရောင်းပေးမှုနှေးကွေးလာခြင်းကြောင့် ဂျပန်နိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်းနှင့် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၅၀ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အမှတ်တံဆိပ်ပါရှိသည့် ဆန်များ၏ ဈေးနှုန်းမှာ ၅ ကီလိုဂရမ် ၁ အိတ်လျှင် ၄,၂၄၇ ယန်းရှိခဲ့ပြီး၊ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ၁၇ ယန်း(သုည ဒသမ ၄ ရာခိုင်နှုန်း)ကျဆင်းခဲ့ကြောင်းနှင့် ၂ ပတ်တာအတွင်း ပထမဆုံး အကြိမ်ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အစိုးရမှ ထုတ်ရောင်းပေးသည့် အရန်ဆန်များအပါအဝင် ဈေးနှုန်းချိုသာသည့် ဆန်များမှာမူ ၅ ကီလိုဂရမ် ၁ အိတ်လျှင် ၃,၁၃၃ ယန်းရှိခဲ့ပြီး၊ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ၄၅ ယန်း(၁ ဒသမ ၅ ရာခိုင်နှုန်း) မြင့်တက် ခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံရှိ ဆန်များအားလုံး၏ပျမ်းမျှဆန်ဈေးမှာ ၂၀၂၅ ခုနှစ် မေလ ၁၂ရက်နေ့မှ ၂၀၂၅ ခုနှစ် မေလ ၁၈ ရက်နေ့အတွင်း အမြင့်ဆုံးဖြစ်ခဲ့ပြီး၊ ဆန် ၅ ကီလိုဂရမ် ၁ အိတ်လျှင် ၄,၂၈၅ ယန်းရှိခဲ့ကြောင်းနှင့် အဆိုပါ ဈေးနှုန်းမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၂ ဆကျော်မြင့်တက်ခဲ့ကြောင်း၊ ဂျပန်အစိုးရအနေဖြင့် ယခင်က အစိုးရ၏ အရန်ဆန်များကို လေလံစနစ်ဖြင့်ရောင်းချပေးခဲ့ရာမှ နောက်ပိုင်းတွင် စတိုးဆိုင်များနှင့် လက်လီအရောင်းဆိုင်များထံ တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း၊ အစိုးရမှရောင်းချပေးခဲ့သည့် အရန်ဆန်များကို စတိုးဆိုင်များအနေဖြင့် ၂၀၂၅ ခုနှစ်၊ မေလမှစတင်၍ ၅ ကီလိုဂရမ် ၁ အိတ်လျှင် ၂၀၀၀ ယန်းဖြင့် ပြန်လည်ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း၊ ဈေးနှုန်းချိုသာသည့် အရန်ဆန်များ ဈေးကွက်အတွင်း ဝင်ရောက်လာသည်နှင့်အမျှ ဆန်ဈေးနှုန်းမှာကျဆင်းခဲ့ကြောင်း၊ သို့သော် အရန်ဆန်များ ထုတ်ရောင်းပေးမှုနှေးကွေးလာခဲ့သည့် ဇူလိုင်လမှစတင်၍ ဆန်ဈေးနှုန်းများမှာ ဆက်လက်ကျဆင်းခြင်းမရှိဘဲ တန့်နေခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်ဝန်ကြီးချုပ် ရှီဂဲရုအီရှီဘာအနေဖြင့် နိုင်ငံအတွင်း ဆန်ထုတ်လုပ်မှုမြင့်တင်နိုင်ရေးအတွက် ဆယ်စုနှစ်ပေါင်းများစွာကျင့်သုံးခဲ့သည့် ဆန်ထုတ်လုပ်မှုလျှော့ချရေးမူဝါဒကို ပြင်ဆင်ရန်ဆောင်ရွက်လျက်ရှိကြောင်း၊ ဂျပန်အစိုးရအနေဖြင့် ခေတ်မီနည်းပညာများအသုံးပြုခြင်းနှင့် အကြီးစားစိုက်ပျိုးထုတ်လုပ်ခြင်းအပါအဝင် ဆန်အထွက်နှုန်းမြှင့်တင်နိုင်မည့်နည်းလမ်းများကို ချမှတ်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အတူ ပို့ကုန်မြှင့်တင်နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဆန်ဝယ်လိုအားကျဆင်းလာနိုင်သည့်အတွက် အစိုးရအနေဖြင့် ဆန်ပိုလျှံမှုကိုကာကွယ်နိုင်ရေးနှင့် ဆန်ဈေးနှုန်းပျက်ယွင်းမှုများမဖြစ်ပေါ်စေရေးအတွက် ၁၉၇၀ ပြည့်နှစ်များတွင် စပါးစိုက်ကေလျှော့ချရေးမူဝါဒကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါမူဝါဒသည် စပါးစိုက်ပျိုးသည့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုအပေါ် ဆိုးကျိုးသက်ရောက်စေမှုကြောင့် ၂၀၁၈ ခုနှစ်တွင် ဖျက်သိမ်းခဲ့ကြောင်း၊ သို့သော်အစိုးရအနေဖြင့် စားသုံးရန်အတွက်ထုတ်လုပ်ခြင်းအစားတိရစ္ဆာန်အစာအဖြစ်ထုတ်လုပ်မည့် စပါးစိုက်တောင်သူများအပေါ် ထောက်ပံ့ကြေးများပေးခြင်းအပါအဝင် ဈေးကွက်အတွင်းရောင်းချနိုင်သည့် ဆန်ပမာဏကို ထိန်းချုပ်ခြင်းဖြင့် အဆိုပါမူဝါဒကို ဆက်လက်ပံ့ပိုးခဲ့ကြောင်း ဖော်ပြထားသည်။

(သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_20082025_14:59

## ဆန်တန်ချိန် ၅ သိန်းတင်သွင်းရန် ကုမ္ပဏီ ၂၄၂ ခုသို့ ဘင်္ဂလားဒေ့ရှ်အစိုးရ ခွင့်ပြု

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆန်ဈေးနှုန်းများမြင့်တက်မှုကို ထိန်းချုပ်ရန်နှင့် ဈေးကွက်တည်ငြိမ်စေရန် လုပ်ဆောင်မှုတစ်ခုအဖြစ် အစိုးရသည် ပုဂ္ဂလိကကုမ္ပဏီပေါင်း ၂၄၂ ခုသို့ ပေါင်းဆန်နှင့် အခြားဆန်အမျိုးအစားများအပါအဝင် စုစုပေါင်း ဆန်မက်ထရစ်တန်ချိန် ၅ သိန်း တင်သွင်းခွင့်ပြုခဲ့သည်။

စားနပ်ရိက္ခာဝန်ကြီးဌာနသည် ဆန်တင်သွင်းရန် ခွဲတမ်းရရှိထားသည့် ကုမ္ပဏီများအတွက် ခွင့်ပြုချက် တောင်းခံသည့်စာတစ်စောင်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ဩဂုတ် ၁၀ ရက် တနင်္ဂနွေနေ့၌ပေးပို့ခဲ့သည်။ တင်သွင်းခွင့်ပြုသည့် စုစုပေါင်း ဆန်ပမာဏတွင် ပေါင်းဆန်သည် တန်ချိန် ၄၆၁,၀၀၀ နှင့် အခြားဆန်သည် တန်ချိန် ၃၉,၀၀၀ ပါဝင်ပြီး ပြည်ပမှတင်သွင်းသော ဆန်အားလုံးသည် ဆန်ကွဲပါဝင်မှု ၅ ရာခိုင်နှုန်းထက်မပိုသောဆန်များဖြစ်ရမည်ဟုညွှန်ကြားထားသည်။

ဆန်တင်သွင်းသူများအနေဖြင့် ခွဲဝေချထားပေးသည့် ဆန်ပမာဏအားလုံးကို ဘင်္ဂလားဒေ့ရှ် ပြည်တွင်းသို့ စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်သည်။ ထို့ပြင် တင်သွင်းလာသည့် ဆန်ပမာဏ၊ သိုလှောင်မှုနှင့် ဖြန့်ဖြူးမှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာခရိုင်စားနပ်ရိက္ခာ ကြီးကြပ်ရေးမှူးထံ တင်ပြရမည်ဖြစ်သည်။

စားနပ်ရိက္ခာဝန်ကြီးဌာန၏ အကြောင်းကြားစာတွင် ခွဲတမ်းချထားပေးသည့် ပမာဏထက်ကျော်လွန်၍ တင်သွင်းခွင့်ပြုမိန့်ထုတ်ပေးခြင်းမပြုရန် ဖော်ပြထားသည်။ တင်သွင်းလာသော ဆန်ကို မူရင်းထုပ်ပိုးမှုပုံစံဖြင့်သာ ရောင်းချရမည်ဖြစ်ပြီး မတူညီသော ကုမ္ပဏီအမည်တစ်ခုအောက်တွင် ပြန်လည်ထုပ်ပိုးခြင်းကို တားမြစ်ထားသည်။

မကြာသေးမီကဖြစ်ပေါ်ခဲ့သော ရေလွှမ်းမိုးမှုကြောင့် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်မှုရှိလာနိုင်ခြင်းအပေါ် စျေးနှုန်းတည်ငြိမ်မှုကိုထိန်းသိမ်းရန် အစိုးရ၏ ကြိုတင်ကာကွယ်မှု မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် အဆိုပါ အစီအမံကို ဆောင်ရွက်ခြင်းဖြစ်ပြီး ဇူလိုင်လ ၁၅ ရက်နေ့ အစိုးရအဖွဲ့အတွင်းရေးမှူးရုံး၌ ကျင်းပသည့် စားနပ်ရိက္ခာစီမံကိန်းနှင့် စောင့်ကြည့်ရေးကော်မတီအစည်းအဝေးတွင် အပြီးသတ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Source: United News of Bangladesh, August 11, 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာစျေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm/my/node/46493

## ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ အဆိုပြုတင်ပြလာသည့် ဆန်တင်သွင်းမှုအပေါ် အခွန်တိုးမြှင့်ကောက်ခံရန်ကိစ္စအား ပြည်ထောင်စုအစိုးရအဖွဲ့တွင် အရေးတကြီးဆွေးနွေးလျက်ရှိ

ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ အဆိုပြုတင်ပြလာသည့်ဆန်တင်သွင်းမှုအပေါ် အခွန်တိုးမြှင့် ကောက်ခံသွားရန်နှင့် ဆန်တင်သွင်းမှုအားယာယီရပ်ဆိုင်းသွားရန်ကိစ္စတို့ကိုပြည်ထောင်စုအစိုးရအဖွဲ့တွင်အရေးတကြီးဆွေးနွေးသွားမည်ဖြစ်ကြောင်း ၂၀၂၅ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့က သမ္မတနန်းတော်မှ သတင်းထုတ်ပြန်ခဲ့သည်။ ပြည်တွင်းရှိဆန်တောင်သူများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်စေရန်အလို့ငှာ ဆန်တင်သွင်းမှုကို ယာယီရပ်ဆိုင်းသွားရန်နှင့် ဆန်တင်သွင်းမှုအပေါ်ကောက်ခံသည့်အခွန်နှုန်းထားအား တိုးမြှင့်သွားရန်ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ အကြံပြုတင်ပြလာကြောင်း ဖော်ပြပါရှိသည်။

အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အရေးတကြီးဆွေးနွေးရမည့်ကိစ္စရပ် သတ်မှတ်ပြီး သမ္မတမားကို့စ်ဂျူနီယာ၏ အိန္ဒိယနိုင်ငံသို့ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၄ မှ ၈ ရက်နေ့ထိ သွားရောက်လျက်ရှိသည့် နိုင်ငံတော်ခရီးစဉ်အတွင်း သီးသန့်အစည်းအဝေးတစ်ခုအနေဖြင့် သမ္မတမားကို့စ်ဂျူနီယာနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အကြား ဆွေးနွေးသွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်းသမ္မတမားကို့စ်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ အဖွဲ့ဝင်အချို့လည်းလိုက်ပါသွားကြောင်း ဖော်ပြထားသည်။

စိုက်ပျိုးရေးဝန်ကြီးမှ အောက်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထံ ဆန်တင်သွင်းမှုအပေါ် လက်ရှိကောက်ခံလျက်ရှိသည့်အခွန်နှုန်း ၁၅ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံသွားရန် ပြီးခဲ့သည့်ဇွန်လက အကြံပြုတင်ပြခဲ့ကြောင်း၊ ထို့ပြင် ပြည်တွင်းရှိဆန်တောင်သူများ၏ အကျိုးစီးပွားနှင့် ပြည်တွင်းဆန် စျေးကွက်တို့ကို အကာအကွယ်ပေးနိုင်စေရေး စပါးထွက်ရှိမည့်ရာသီများဖြစ်သော စက်တင်ဘာလနှောင်းပိုင်းတွင် ဗီယက်နမ်မှဆန်တင်သွင်းမှု၊ ဒီဇင်ဘာလတွင် ပါကစ္စတန်မှ ဆန်တင်သွင်းမှုတို့ကို ယာယီရပ်ဆိုင်းသွားရန်ကိုလည်း တင်ပြခဲ့သည်။ ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် အခွန်နှုန်းထားအား ၁၅ ရာခိုင်နှုန်းသို့ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လက လျှော့ချပေးခဲ့ခြင်းဖြစ်ပြီး Food Inflation နှုန်းကျဆင်းစေရန်နှင့် ဆန်လက်လီစျေးနှုန်းများ လျော့ကျ စေရန်အတွက်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

Source: https://pco.gov.ph/news_releases/pbbm-cabinet-to-discuss-proposed-tariff-hike-on-rice-imports/, (ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_20082025_14:22

## ဆန်တင်သွင်းမှု ဆိုင်းငံ့သော်လည်း သွင်းကုန်အခွန် တိုးမြှင့်မည်မဟုတ်ဟု ဖိလစ်ပိုင်ဘဏ္ဍာရေး အတွင်းဝန်ပြောကြား

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ဆန်တင်သွင်းမှု ဆိုင်းငံ့ထားခြင်းကြောင့် နိုင်ငံ၏ အခွန်ဘဏ္ဍာရရှိမှုအပေါ် သက်ရောက်နိုင်ခြေအလားအလာရှိနေသော်လည်း ဆန်တင်သွင်းမှုများအပေါ် အခွန်တိုးမြှင့်မည့်အစီအမံများ လတ်တလောချမှတ်ရန် မရှိသေးကြောင်း ဘဏ္ဍာရေးဦးစီးဌာနက ပြောကြားထားသည်။

အခွန်ဘဏ္ဍာရငွေ အနည်းငယ်ကျဆင်းမည်ဖြစ်သော်လည်း သတ်မှတ်ကာလအတွင်း မည်သည့်ပြတ်လပ်မှုမျှ မဖြစ်ပေါ်ဘဲ ရည်မှန်း ထားသည့်အခွန်ဝင်ငွေပမာဏကို လွှမ်းခြုံရရှိနိုင်မည်ဟု အစိုးရအနေဖြင့် ယုံကြည်ထားကြောင်း၊ ဆန်တင်သွင်းမှုကို ဆိုင်းငံ့ရသည့် တစ်ခုတည်းသောအကြောင်းအရင်းမှာ စပါးရိတ်သိမ်းရာသီ ကျရောက်နေသည့်အတွက်သာဖြစ်ကြောင်း၊ သမ္မတ၏ဆုံးဖြတ်ချက်တွင် တင်သွင်းမှုဆိုင်းငံ့ရန်သာပါရှိပြီး၊ အခွန်တိုးမြှင့်သွားမည့်အစီအစဉ်ပါဝင်ခြင်းမရှိကြောင်း ဘဏ္ဍာရေး အတွင်းဝန် Ralph Recto က ပြောကြားခဲ့သည်။

သို့ရာတွင် ဆန်တင်သွင်းမှုဆိုင်းငံ့ခြင်းကို ပြန်လည်ဖယ်ရှားပေးချိန်၌ အခွန်တိုးမြှင့်စည်းကြပ်ရန် သင့် မသင့်ကိစ္စရပ် အပေါ် သုံးသပ်မှုများလုပ်ဆောင်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ စိုက်ပျိုးထုတ်လုပ်သည့် လယ်သမားများ၊ စားသုံးသူ ပြည်သူများနှင့် ဈေးနှုန်းဖောင်းပွမှုမှ ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံ့စီးပွားရေးအခြေအနေဟူသော ကဏ္ဍသုံးရပ်အတွက် ပြေလည်မှု ရရှိအောင် အခြားသောနည်းလမ်းများကိုလည်း အသုံးပြုဖြေရှင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း စီးပွားရေး၊ စီမံကိန်းနှင့် ဖွံ့ဖြိုး တိုးတက်မှုဌာနမှ အတွင်းဝန် Arsenio Balisacan ကပြောဆိုခဲ့သည်။

အစာပိုင်းကာလ၌ အကောက်ခွန်ဗျူရိုမှ ကော်မရှင်အကြီးအကဲ Ariel Nepomuceno က ၎င်းတို့အနေဖြင့် အခွန် ဝင်ငွေကို လျာထားသည့်အတိုင်း ပြည့်ဝစွာရရှိစေရေး အကောင်းဆုံးဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများလည်းရှိကြောင်း၊ လက်ရှိကာလတွင် ဆန်တင်သွင်းမှုအပေါ် အခွန် ၁၅ ရာခိုင်နှုန်းစည်းကြပ်လျက်ရှိရာမှ ၁၅ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းအကြားသို့ တိုးမြှင့်ကောက်ခံပါက အဆိုပါ ဆိုင်းငံ့ကာလအတွက် အခွန်ရငွေဆုံးရှုံးမှုများကို ခုနှိမ်သက်သာရာရစေမည်ဖြစ်ကြောင်း ပြောကြားထားခဲ့သည်။

ဘဏ္ဍာရေးအတွင်းဝန် Mr. Recto ကမူ ဆန်တင်သွင်းမှုအား ယခုနှစ် စက်တင်ဘာလမှ အောက်တိုဘာလအထိ ရက်ပေါင်း ၆၀ ဆိုင်းငံ့ခြင်းသည် သီးနှံရိတ်သိမ်းချိန်ကာလ၌သာ သက်ရောက်မှုရှိမည်ဖြစ်ပြီး အဆိုပါကာလထက်ကျော်လွန်၍ တိုးမြှင့်သတ်မှတ်မည်မဟုတ်ကြောင်း၊ ၎င်းအနေဖြင့် အခွန်ဝင်ငွေအမြောက်အမြား ဆုံးရှုံးမည်ဟု မျှော်မှန်းထားခြင်းမရှိကြောင်း၊ နိုင်ငံ၏ ဆန်ပြတ်လပ်မှုသည် တန်ချိန် ၄ ဒသမ ၆ သန်းဖြစ်ပါက လိုအပ်သောပမာဏကို ဆိုင်းငံ့ကာလမတိုင်မီတင်သွင်းခြင်း သို့မဟုတ် စပါးရိတ်သိမ်းရာသီကုန်ဆုံးသည့် နှစ်ကုန်ပိုင်းတွင် ချိန်ညှိတင်သွင်းခြင်းကို လုပ်ဆောင်နိုင်ကြောင်း ရှင်းလင်းပြော ကြားခဲ့သည်။

Source : The Philippine Star, August 12, 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm/my/node/46483

## ပွဲတော်ရာသီဝယ်လိုအားအရ ပဲမျိုးစုံဈေးနှုန်းများ မြင့်တက်နိုင်သည်ဟု အိန္ဒိယကုန်သည်အသင်းပြောဆို

အိန္ဒိယနိုင်ငံ၌ ပွဲတော်ရာသီ ဝယ်လိုအားကြောင့် ကုလားပဲဈေးနှုန်းများသည် မကြာမီကာလအတွင်း မြင့်တက်လာဖွယ် ရှိသည်ဟု အိန္ဒိယပဲမျိုးစုံနှင့်ကောက်ပဲသီးနှံအသင်း (IPGA)က ဩဂုတ်လ ၁၁ ရက်နေ့တွင် ထုတ်ပြန်သည့် ၎င်း၏အပတ်စဉ် အစီရင်ခံစာ၌ဖော်ပြသည်။ ထို့ပြင် ပြည်တွင်းဈေးကွက်သို့ ကုန်စည်ဝင်ရောက်မှု ကျဆင်းလာမှုအရ ပဲစင်းငုံဈေးနှုန်းများသည် လည်း ကာလတိုအတွင်းမြင့်တက်လာနိုင်ကြောင်း၊ အလားတူ ရောင်းလိုအားအကျပ်အတည်းကြောင့် မတ်ပဲဈေးနှုန်းများ သည်လည်း မြင့်တက်လာမည့်အရိပ်အခြေရှိနေကြောင်း အဆိုပါအသင်းက ပြောကြားထားသည်။

ပရီမီယံအဆင့် အရည်အသွေးကောင်းမွန်သော ကုန်လက်ကျန် ရရှိရန်ခက်ခဲမှုနှင့် ပွဲတော်ရာသီမတိုင်မီ ကြိုတင်ဝယ်ယူ စုဆောင်းမှုများကြောင့် ကုလားပဲဈေးနှုန်းများသည် ကာလတိုအတွင်း မြင့်တက်လာမည်ဟု IPGA အသင်းက ခန့်မှန်းထားခြင်း ဖြစ်သည်။ ရှေ့လာမည့် ဟိန္ဒူရိုးရာပွဲတော်များအတွက် ကုလားပဲခွဲခြမ်းနှင့် ပဲမှုန့်တို့အပေါ် ဝယ်လိုအားသည် ဆက်လက်တည်ရှိ နေပြီး စက်တင်ဘာလ၌ ပိုမိုအားကောင်းလာမှုနှင့်အတူ ဈေးနှုန်းများမြင့်တက်စေရန် အထောက်အပံ့ပြုလျက်ရှိသည်။ သို့ရာတွင် ပဲသိုလှောင်မှု လုပ်ကိုင်သူများနှင့် တောင်သူများလက်ဝယ်၌ ကုလားပဲလက်ကျန်မှာ အကန့်အသတ်ဖြင့်သာရှိကြောင်း၊ ရှေ့လာ မည့်ကာလလတ်အတွင်း စားတော်ပဲဝါများကို စတင်၍တင်သွင်းခွင့်ပြုလိမ့်မည်ဟု မျှော်မှန်းချက်အရ ကုလားပဲဈေးနှုန်းမှာ များစွာမြင့်တက် ဖွယ်မရှိကြောင်း၊ ဩဂုတ်လ ၉ ရက် စနေနေ့တွင် ကုန်ဆုံးသော ရက်သတ္တပတ်အတွင်း နိုင်ငံတစ်ဝန်းရှိ အဓိက ဈေးကွက်များ၌ ကုလားပဲဈေးနှုန်းများမှာ အတက်အကျမျိုးစုံ ပြောင်းလဲနေခဲ့ကြောင်း IPGA က ဖော်ပြထားသည်။

ပွဲတော်မတိုင်မီ ကနဦးကြိုတင်စုဆောင်းထားရှိရန် လိုအပ်ချက်အရ ဖြစ်ပေါ်လေ့ရှိသော ဝယ်လိုအားသည် ယခင်သီတင်းပတ်တွင် အချို့သောဈေးကွက်များ၌ နည်းပါးနေခဲ့ပြီး ဈေးကွက်တစ်ခုလုံး ခြုံငုံကြည့်ပါက အရောင်းအဝယ်ကျဆင်းနေခဲ့သည်။ အဆိုပါ ရက်သတ္တပတ်အတွင်း မဒ္ဒရာပရာဒေ့ရှ်ပြည်နယ် Indore မြို့ ဈေးကွက်၌ ကုလားပဲ ၁၀၀ ကီလိုဂရမ်၏ ဈေးနှုန်းများသည် ယခင်အပတ်အောက် ရူပီး ၅၀ ခန့် လျော့နည်းလျက် ၆,၄၂၅ ရူပီးမှ ၆,၄၅၀ ရူပီး အကြားနှုန်းထားဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ မဟာရဋ္ဌပြည်နယ် Akola မြို့ ဈေးကွက်တွင်မူ ကုလားပဲ ၁၀၀ ကီလိုဂရမ်၏ ဈေးနှုန်းများသည် ယခင်အပတ်ထက် ၂၅ ရူပီးခန့် ပိုမိုလျက် ၆,၄၅၀ ရူပီးမှ ၆,၄၇၅ ရူပီး အကြားနှုန်းထားရှိနေခဲ့ကြောင်း IPGA ၏ အချက်အလက်များအရ သိရသည်။

ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိမှုမှ ဈေးကွက်သို့ ဝင်ရောက်မှုမှာ ကျဆင်းလျက်ရှိရာ ပဲစင်းငုံဈေးနှုန်းများသည် မကြာမီကာလအတွင်း အနည်းငယ်မျှမြင့်တက်လာမည်ဟု IPGA က ခန့်မှန်းထားသည်။ ထို့ပြင်ရှေ့လာမည့်အောက်တိုဘာမှ ဒီဇင်ဘာအတွင်း ဖြန့်ဖြူးပေးနိုင်ရေးအတွက် တမီနာဒူမြို့ပြထောက်ပံ့ရေးကော်ပိုရေးရှင်းအနေဖြင့် ပဲစင်းငုံ သို့မဟုတ် ကနေဒါပဲနီလေးကို တန်ချိန် ၆၀,၀၀၀ ခန့်အထိ တင်ဒါခေါ်၍ဝယ်ယူမည်ဖြစ်ရာ ဈေးကွက်အရောင်းအဝယ်သွက်လက်လာမည့် အခြေအနေရှိနေသည်။

လက်ရှိကာလတွင်မူ ပဲစင်းငုံဈေးနှုန်းများသည် ထပ်မံကျဆင်းဖွယ်မရှိဘဲ ၁၀၀ ကီလိုဂရမ်လျှင် ပျမ်းမျှ နှုန်းထား ရူပီး ၆,၂၀၀ မှ ၆,၂၅၀ အတွင်း အနိမ့်ဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပြည်တွင်းထွက် ပဲစင်းငုံများဝင်ရောက်မှုနည်းပါးလာပြီဖြစ်၍ ဈေးကွက်အနေဖြင့် အောက်တိုဘာလတိုင်အောင် မြန်မာနိုင်ငံမှ တင်သွင်းလာသော ပဲစင်းငုံများအပေါ် အမှီပြုနေရဖွယ်ရှိကြောင်း၊ အာဖရိကဒေသမှ အသစ်စိုက်ပျိုးထွက်ရှိသော ပဲစင်းငုံများမှာ အောက်တိုဘာလမှသာ အိန္ဒိယဈေးကွက်သို့ ဝင်ရောက်လာနိုင်ကြောင်း IPGA အသင်းက ပြောဆို ထားသည်။

ဩဂုတ်လ ၉ ရက်နေ့၌ ကုန်ဆုံးသော ရက်သတ္တပတ်အတွင်း အိန္ဒိယပြည်တွင်းရှိ အဓိကဈေးကွက်များတွင် ဝယ်လိုအားကွဲပြားခြားနားမှုအရ ပဲစင်းငုံဈေးနှုန်းများသည် အမျိုးမျိုးကွဲပြားလျက်ရှိသော်လည်း အနိမ့်ဈေးဖြင့်သာ ဆက်လက်ရောင်းဝယ်မှုဖြစ်ပေါ်နေခဲ့သည်။ မဟာရဋ္ဌပြည်နယ် Solapur မြို့၌ ပဲစင်းငုံ ၁၀၀ ကီလိုဂရမ် လျှင် ယခင်အပတ်ထက် ရူပီး ၅၀ ပိုမိုလျက် ရူပီး ၆,၄၀၀ မှ ၆,၈၀၀ အကြားနှုန်းထားသို့ မြင့်တက်ခဲ့သော်လည်း Delhi မြို့တော်တွင်မူ ရူပီး ၁၀၀ လျော့ကျလျက် ၁၀၀ ကီလိုဂရမ်လျှင် ရူပီး ၆,၈၀၀ မှ ၆,၈၅၀ နှုန်းထားသို့ ကျဆင်းခဲ့ကြောင်းသိရသည်။

ယခုနှစ် မိုးသီးနှံရာသီ၌ ရာသီဥတုဆိုးရွားမှုကြောင့် မိုးမတ်ပဲစိုက်ပျိုးမှုအပေါ် ထိခိုက်မှုများရှိပြီး ရောင်းလိုအားကျပ်တည်းနေမှုအရ မတ်ပဲဈေးနှုန်းများသည် ကာလတိုအတွင်း မြင့်တက်လာနိုင်သည်ဟု IPGA ကုန်သည်အသင်းကခန့်မှန်းထားသည်။ မဒ္ဒရာပရာဒေ့ရှ်နှင့် ဥတ္တာပရာဒေ့ရှ် ပြည်နယ်များတွင် မိုးသည်းထန်စွာရွာသွန်းခြင်းက မတ်ပဲစိုက်ဧရိယာများကို ထိခိုက်ပျက်စီးစေခဲ့ပြီး အခြားသော မတ်ပဲစိုက်ပျိုးသည့် နယ်မြေဒေသ များမှာမူ ရာသီဥတုခြောက်သွေ့မှုကို ကြုံတွေ့နေရသည်။ ထို့ပြင် ယခုနှစ် မိုးမတ်ပဲစိုက်ပျိုးမှုမှာ ဩဂုတ် ၁ ရက် နေ့အထိ ဟက်တာ ၁ ဒသမ ၈၆ သန်း စိုက်ပျိုးပြီးစီးခဲ့ပြီး ယခင်နှစ်ကာလတူ စိုက်ပျိုးမှုနှင့်နှိုင်းယှဉ်ပါက ၃ ရာခိုင်နှုန်းခန့် လျော့နည်းနေကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

မြန်မာနိုင်ငံမှ မတ်ပဲကုန်သေတ္တာအသစ်များ ဝင်ရောက်လာမှုနှင့်အတူ သိုလှောင်ထားသူများအနေဖြင့် ဈေးနှုန်းအမြင့်ဆုံးအခြေအနေကို ကျော်လွန်ခဲ့ချိန်၌ အမြတ်အစွန်းကျန်ရှိစေရေးအတွက် ဈေးကွက်သို့ထုတ်ရောင်းခဲ့ကြသောကြောင့် ယခင်သီတင်းပတ်၌ မတ်ပဲဈေးနှုန်းများ ကျဆင်းခဲ့သည်ဟု IPGA အသင်းက ဖော်ပြထားသည်။ ဩဂုတ် ၉ ရက်နေ့၌ ကုန်ဆုံးသော ရက်သတ္တပတ်တွင် ဥတ္တာပရာဒေ့ရှ်ပြည်နယ် Lalitpur မြို့၌ မတ်ပဲ ၁၀၀ ကီလိုဂရမ်၏ ဈေးနှုန်းများသည် ယခင်အပတ်အောက် ရူပီး ၃၅၀ လျော့နည်းလျက် ရူပီး ၆,၅၀၀ မှ ၇,၁၅၀ အကြားနှုန်းထားဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

Source: Informist Media, 11 Aug 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm/my/node/46480

## အိန္ဒိယနိုင်ငံတွင် ယခုနှစ် ခါရစ်(မိုး)စိုက်ပျိုးရာသီတွင် ပဲစင်းငုံစိုက်ပျိုးဧရိယာ ၈ ရာခိုင်နှုန်းခန့်ကျဆင်း

အိန္ဒိယနိုင်ငံတွင် ယခုနှစ် ခါရစ်(မိုး)စိုက်ပျိုးရာသီတွင် ပဲစင်းငုံစိုက်ပျိုးဧရိယာသည် အထူးသဖြင့် Karnataka ပြည်နယ်၊ Maharashtra ပြည်နယ်နှင့် Gujarat ပြည်နယ်တို့တွင် စိုက်ဧရိယာကျဆင်းမှုကြောင့် ယခင်နှစ်အဆင့်ထက် နောက်ကျကျန်ခဲ့

ကြောင်း၊ အဆိုပါပြည်နယ်များရှိ တောင်သူအချို့သည် ပြောင်း၊ ဝါဂွမ်းနှင့် ဆီထွက်သီးနှံများကဲ့သို့ အခြားဝင်ငွေကောင်းသော သီးနှံများသို့ ပြောင်းလဲစိုက်ပျိုးခဲ့ကြကြောင်းသိရသည်။ သို့ရာတွင် Telangana ပြည်နယ်တွင်မူ ယခုနှစ် ပဲစင်းငုံ စိုက်ပျိုးဧရိယာ တိုးတက်လာကြောင်း The Hindu Businessline သတင်းဌာနက ဇူလိုင်လ ၂၉ ရက်က ဖော်ပြသည်။

လက်ရှိအချိန်အထိ ပဲစင်းငုံစိုက်ပျိုးဧရိယာ ၈ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ကြောင်း သိရသည်။ ဇူလိုင်လ ၂၅ ရက်နေ့အထိ ဟက်တာ ၃၄ ဒသမ ၉၀ သိန်း(၃ ဒသမ ၄၉ သန်းဟက်တာ)ခန့်စိုက်ပျိုးထားပြီး ယခင်နှစ်အလားတူ ကာလက ဟက်တာ ၃၇ ဒသမ ၉၉ သိန်း(၃ ဒသမ ၇၉၉ သန်း ဟက်တာ)စိုက်ပျိုးထားရှိခဲ့ကြောင်းသိရသည်။ ပုံမှန်အတိုင်းဆိုပါက ဟက်တာ ၄၄ ဒသမ ၇၁ သိန်း(၄ ဒသမ ၄၇၁ သန်းဟက်တာ)စိုက်ပျိုးနိုင်ကြောင်း အိန္ဒိယ စိုက်ပျိုးရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

ဇူလိုင်လ ၂၅ ရက်နေ့အထိ Karnataka ပြည်နယ်၏ ပဲစင်းငုံစိုက်ပျိုးဧရိယာသည် ဟက်တာ ၁၃ ဒသမ ၀၁ သိန်း (၁ ဒသမ ၃၀၁ သန်းဟက်တာ)(ယခင်က ဟက်တာ ၁၅ ဒသမ ၄၂ သိန်း)ရှိကြောင်းသိရသည်။ အဆိုပါ ပြည်နယ်သည် ဟက်တာ ၁၆ ဒသမ ၈၀ သိန်း(၁ ဒသမ ၆၈ သန်း ဟက်တာ)စိုက်ပျိုးရန် ပန်းတိုင်ရည်မှန်းချက်ထားခဲ့ကြောင်း သိရသည်။ ပဲစင်းငုံ အများဆုံးထုတ်လုပ်သည့် Kalaburagi ခရိုင်တွင် ဧရိယာဟက်တာ ၅ ဒသမ ၃၅ သိန်း(၅၃၅,၀၀၀ ဟက်တာ) ရှိခဲ့ကြောင်း သိရသည်။ စိုက်ပျိုးခြင်းလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲ ဖြစ်သဖြင့် အဆိုပါဧရိယာသည် ဟက်တာ ၆ သိန်း (၆၀၀,၀၀၀ ဟက်တာ)ဝန်းကျင်အထိ ထပ်မံတိုးမြင့်လာနိုင်ကြောင်း သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။ ပဲစင်းငုံဈေးနှုန်း နိမ့်ကျနေခြင်းကြောင့် တောင်သူအချို့သည် ပြောင်း၊ ဝါဂွမ်းနှင့် ကြံသီးနှံများသို့ ပြောင်းလဲစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

Kalaburagi ခရိုင်ရှိ Karnataka Pradesh Red Gram Growers Association ဥက္ကဋ္ဌ Basavaraj Ingin က ဈေးကွက်ပေါက်ဈေးကျဆင်းမှုကြောင့် ယခုနှစ်တွင် စိုက်ပျိုးဧရိယာလျော့နည်းနိုင်ကြောင်း ပြောကြားခဲ့သည်။ ပဲစင်းငုံဈေးနှုန်း များသည် Kalaburagi ခရိုင်တွင် ၁ ကွင်တယ်(၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၅,၃၀၀-၆,၇၀၀ ဝန်းကျင်တွင်ရှိနေပြီး အနည်းဆုံး ပံ့ပိုးဈေးနှုန်း(Minimum support price–MSP) ရူပီး ၈,၀၀၀ အောက် များစွာ နိမ့်ကျလျက်ရှိကြောင်း တွေ့ရသည်။

ပြည်ပမှ ပဲစင်းငုံအများအပြားတင်သွင်းမှုကြောင့် ပြည်တွင်းဈေးနှုန်းများအပေါ် ဖိအားဖြစ်ပေါ်လျက်ရှိသည်ကို တွေ့မြင်ရပြီး အိန္ဒိယအစိုးရသည် ပဲစင်းငုံအကောက်ခွန်မဲ့တင်သွင်းမှုကို ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက် နေ့အထိသက်တမ်းတိုးမြှင့်ခဲ့ ကြောင်း သိရသည်။

အလားတူပင် Maharashtra ပြည်နယ်တွင် ပဲစင်းငုံစိုက်ပျိုးဧရိယာသည် ယခင်နှစ်ထက် အနည်းငယ် နိမ့်ကျလျက်ရှိ ကြောင်း တွေ့ရသည်။ ဇူလိုင်လ ၂၁ ရက်နေ့အထိ အဆိုပါပြည်နယ်တွင် ပဲစင်းငုံ စိုက်ပျိုးဧရိယာ ဟက်တာ ၁၁ ဒသမ ၄၄ သိန်း (ယခင်က ဟက်တာ ၁၁ ဒသမ ၆၀ သိန်း)ရှိကြောင်း သိရသည်။ ထို့ပြင် Gujarat ပြည်နယ်တွင်လည်း ဇူလိုင်လ ၂၈ ရက်နေ့အထိ ပဲစင်းငုံစိုက်ပျိုးဧရိယာသည် ဟက်တာ ၁ ဒသမ ၅၅ သိန်း (ယခင်က ဟက်တာ ၁ ဒသမ ၉၆ သိန်း)ဖြင့် နိမ့်ကျနေခဲ့ကြောင်း တွေ့ရသည်။ Andhra Pradesh ပြည်နယ်တွင်လည်း ဇူလိုင်လ ၂၃ ရက်နေ့အထိ ပဲစင်းငုံစိုက်ပျိုးဧရိယာသည် ၆၈,၀၀၀ ဟက်တာ(ယခင်က ၈၂,၀၀၀ ဟက်တာ)အသီးသီးရှိခဲ့ကြောင်း သိရသည်။

တစ်ခုတည်းသောခြွင်းချက်မှာ Telangana ပြည်နယ်ဖြစ်ပြီး ယခုနှစ်တွင် တောင်သူများသည် ပဲစင်းငုံ စိုက်ပျိုးဧရိယာ ကို တိုးမြှင့်ခဲ့ကြကြောင်းတွေ့ရသည်။ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နောက်ဆုံးရရှိသော အချက်အလက်များအရ ဇူလိုင်လ ၂၃ ရက်နေ့အထိ ပဲမျိုးရင်းဝင်သီးနှံစိုက်ပျိုးဧရိယာသည် ဟက်တာ ၄ ဒသမ ၂၁ သိန်း (ယခင်က ဟက်တာ ၃ ဒသမ ၆၅ သိန်း) ရှိခဲ့ကြောင်း သိရသည်။

"တောင်သူအချို့က ပြောင်းဖူးလိုဝင်ငွေကောင်းတဲ့ သီးနှံတွေဘက်ကို ပြောင်းလဲစိုက်ပျိုးနေတာ တွေ့ရတဲ့အတွက် ဒီနှစ်မှာ ပဲစင်းငုံစိုက်ပျိုးဧရိယာဟာ ၅-၁၀ ရာခိုင် နှုန်းလောက်ကျဆင်းနိုင်ပါတယ်"ဟု Latur မြို့မှ စက်ပိုင်ရှင် Nitin Kalantri က ပြောကြားခဲ့သည်။

"ပဲစင်းငုံဈေးနှုန်းတွေဟာ ပေါများတဲ့ရောင်းလိုအားအခြေအနေကြောင့် မနှစ်ကနဲ့ယှဉ်ရင် ၄၀ ရာခိုင်နှုန်းလောက် ကျဆင်းနေပါတယ်။ ဒီနှစ်မှာ စိုက်ဧရိယာကျဆင်းပါလိမ့်မယ်" ဟု iGrain India မှ Rahul Chauhan က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံတင်သွင်းမှုသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း တန်ချိန် ၁၂ ဒသမ ၂၃ သိန်းအထိ မြင့်တက်ခဲ့ပြီး ယခင်နှစ်က တန်ချိန် ၇ ဒသမ ၇၁ သိန်းသာရှိခဲ့ကြောင်း သိရသည်။

Source: The Hindu Businessline, Indian pigeonpea area down 8% so far as farmers eye other crops in key producing States, July 29, 2025,  (ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_04082025_16:45

## ဂျုံနှင့် ပဲပိစပ်ကိုအဓိကထားသည့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံတန်ဖိုးရှိသော အမေရိကန် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များတင်သွင်းရန် အင်ဒိုနီးရှားစီစဉ်

အင်ဒိုနီးရှားနိုင်ငံ စိုက်ပျိုးမွေးမြူရေးဝန်ကြီး Andi Sulaiman က အမေရိကန်ထံမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိသော စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များတင်သွင်းရန် အင်ဒိုနီးရှား၏ အစီအစဉ်သည် ဂျုံနှင့် ပဲပိစပ်များကို အဓိကထားကြောင်း ပြောကြားခဲ့သည်။ ဝန်ကြီးက တင်သွင်းမည့်ဆုံးဖြတ်ချက်များသည် ပြည်တွင်းစိုက်ပျိုးမွေးမြူရေးသမားများအား ကာကွယ်ရန်ဦးစားပေးမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနထံမှ ထောက်ခံချက်များသည် ခွင့်ပြုချက်အတွက် အဓိကအခြေခံဖြစ်မည်ဟု ပြောကြားခဲ့သည်။

အင်ဒိုနီးရှားသည် အမေရိကန်ထံမှ နို့နှင့် အမဲသားအစရှိသည့် ထပ်တိုးကုန်ပစ္စည်းများ တင်သွင်းရန် ဖြစ်နိုင်ချေရှိသော်လည်း နောက်ဆုံး ဆုံးဖြတ်ချက်များသည် နိုင်ငံတော်ဝယ်လိုအားနှင့် ပြည်တွင်းရောင်းလိုအားအပေါ် ဘက်ပေါင်းစုံချင့်ချိန်တွက်ချက်ခြင်းအပေါ်မူတည်ကြောင်းသိရသည်။ တင်သွင်းရန်အခွင့်အလမ်းသည် အမေရိကန်ကချမှတ်ထားသည့်ကုန်သွယ်ရေးအကောက်ခွန်များ ချိန်ညှိပြီးနောက် မြင့်တက်လာခဲ့ကြောင်း သိရသည်။ ဝန်ကြီးကတင်သွင်းမှုများကို ပြည်တွင်း ထုတ်လုပ်မှုက နိုင်ငံ၏လိုအပ်ချက်ကိုပြည့်မီရန် မစွမ်းဆောင်နိုင်မှသာ ခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ထရမ့်၏အဆိုအရ သဘောတူညီချက်သည် အမေရိကန်သို့ အင်ဒိုနီးရှား၏ ဈေးကွက် တစ်ခုလုံးကို တံခါးဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ သဘောတူညီချက်အောက်တွင် အင်ဒိုနီးရှားသည် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံတန်ဖိုးရှိသော စွမ်းအင်ထုတ်ကုန်များ၊ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိသော စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များနှင့် ဘိုးရင်းလေယာဉ် အစီး ၅၀ ဝယ်ယူရန် ကတိကဝတ်ပြုခဲ့ကြောင်း သိရသည်။ အိမ်ဖြူတော်၏ ထုတ်ပြန်ချက်တွင် အမေရိကန်သည် အင်ဒိုနီးရှားပို့ကုန်များအပေါ် အကောက်ခွန် ၁၉ ရာခိုင်နှုန်းချမှတ်မည်ဖြစ်ကြောင်း သိရသည်။ အပြန်အလှန်အနေဖြင့် အင်ဒိုနီးရှားသည် အမေရိကန်မူရင်းကုန် ပစ္စည်းများအားပြည်တွင်းပါဝင်မှုလိုအပ်ချက်များကင်းလွတ်ခွင့်ပေးခြင်း၊ ဆေးဝါးနှင့်ကျန်းမာရေး ကုန်ပစ္စည်းများအတွက် FDA အသိအမှတ်ပြုလက်မှတ် အသိအမှတ်ပြုခြင်းတို့ ပါဝင်သည့် များစွာသော အကောက်ခွန်အတားအဆီးမဟုတ်သည်များကို ဖယ်ရှားပေးရန် သဘော တူညီခဲ့ကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/46967

## ပြည်တွင်းဈေးကွက်သို့ စားအုန်းဆီတိုးမြှင့်ရောင်းချရန် ထုတ်သူလုပ်များအား အင်ဒိုနီးရှားအစိုးရ တွန်းအားပေး

အင်ဒိုနီးရှားပြည်တွင်း၌ ဈေးနှုန်းများ လျော့ကျစေရေးအတွက် ပြည်တွင်းဈေးကွက်သို့ စားအုန်းဆီ ရောင်းချမှုအစီအစဉ် (Domestic Market Obligation–DMO) အရ ပျမ်းမျှဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့် ပမာဏကိုတိုးမြှင့်ရန် စားအုန်းဆီ ထုတ်လုပ်သူများအား ကုန်သွယ်မှုအာဏာပိုင်များကတွန်းအားပေးလျက်ရှိသည်ဟု ကုန်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးရေးဌာနမှ ဒါရိုက်တာ Mr. Nawandaru Dwi Putra က ဩဂုတ်လ ၁၁ ရက်(တနင်္လာနေ့)တွင် ပြောကြားခဲ့ကြောင်း The Edge Malaysia သတင်းဌာနအရ သိရသည်။

ကမ္ဘာ့စားအုန်းဆီ အများဆုံးတင်ပို့သည့် အင်ဒိုနီးရှားမှ ထုတ်လုပ်သူများသည် ပို့ကုန်ပါမစ်ရရှိရန်အတွက် ၎င်းတို့၏ စားအုန်းဆီကို ပြည်တွင်း၌ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးသည့် အစီအစဉ်ကို လိုက်နာကြရသည်။ ၂၀၂၂ ခုနှစ်တွင် ပြည်တွင်းစားသုံးဆီဈေးနှုန်းများကို ထိန်းချုပ်ရန်ရည်ရွယ်လျက် ရက်သတ္တသုံးပတ်ကြာ စားအုန်းဆီတင်ပို့မှုပိတ်ပင်ခြင်းကို အင်ဒိုနီးရှားအစိုးရက လုပ်ဆောင်ခဲ့ရာ ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီဈေးကွက်ကို တုန်လှုပ်စေခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပြည်တွင်းဈေးနှုန်းများကို စီမံခန့်ခွဲရန်အတွက် DMO အစီအစဉ်ကို မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။

DMO အစီအစဉ်အရ ယခုနှစ် နှစ်ကုန်အထိ တစ်လလျှင် စားအုန်းဆီ တန်ချိန် ၁၇၅,၀၀၀ ရောင်းချမှုကို ထိန်းသိမ်းထားရန် လွန်ခဲ့သည့်ရက်သတ္တပတ်၌ စားအုန်းဆီထုတ်လုပ်သူများသို့ ကုန်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက တိုက်တွန်းခဲ့သည်ဟု Mr. Nawandaru က ဩဂုတ် လ ၁၁ ရက်နေ့တွင် ဝန်ကြီးဌာနများအဆင့် အစည်းအဝေးတစ်ရပ်တွင် ပြောကြားခဲ့သည်။

DMO အစီအစဉ်အရ ဧပြီလမှ ဇွန်လအတွင်း စားအုန်းဆီရောင်းချမှုမှာ တစ်လလျှင် ပျမ်းမျှတန်ချိန် ၁၅၇,၅၀၀ အောက်သာရှိသော်လည်း ဇူလိုင်လတွင် ၂၀၄,၅၅၉ တန်အထိ ရောင်းချပေးမှု တိုးတက်လာခဲ့ကြောင်း ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

DMO အစီအစဉ်သည် ပို့ကုန်တင်ပို့မှုများနှင့် နိုင်ငံတကာဈေးကွက်အတွင်း စားအုန်းဆီကြမ်းဈေးနှုန်းများနှင့် များစွာဆက်စပ်နေသည်ဟု သိရှိနားလည်ထားကြောင်း၊ သို့သော် စားအုန်းဆီထုတ်လုပ်သူအားလုံးအနေဖြင့် ပြည်တွင်း၌ စားအုန်းဆီပေးသွင်းမှု လုံလောက်မှုရှိစေရေး သေချာခိုင်မာမှုရှိစေရန် ၎င်းအစီအစဉ်၌ တန်ချိန် ၁၇၅,၀၀၀ အထိရောင်းချပေးရမည်ဆိုသည်ကို အမှန်တကယ် သိရှိနားလည်နိုင်မည်ဟုမျှော်လင့်ကြောင်း၊ အစိုးရအနေဖြင့် DMO အစီအစဉ်တွင် ထည့်သွင်းထားသော "Minyakita" အမှတ်တံဆိပ်ဖြင့် ရောင်းချသည့် ဟင်းချက်ဆီဈေးနှုန်းကို လျှော့ချလိုကြောင်း၊ လွန်ခဲ့သည့် ရက်သတ္တပတ်အနည်းငယ်အတွင်း ယင်းအမှတ် တံဆိပ်ဖြင့် ရောင်းချသည့် စားအုန်းဆီတစ်လီတာ၏ဈေးနှုန်းသည် သတ်မှတ်ထားသည့် အမြင့်ဆုံးနှုန်းထား အင်ဒိုနီးရှားရူပီးယား ၁၅,၇၀၀ (အမေရိကန်ဒေါ်လာ သုည ဒသမ ၉၇ သို့မဟုတ် မလေးရှားရင်းဂစ် ၄ ဒသမ ၁၉) ၏ အထက်၌ရောက်ရှိနေခဲ့ကြောင်းနှင့် ဩဂုတ် ၁၁ ရက်နေ့တွင် တစ်လီတာလျှင် ရူပီးယား ၁၆,၆၉၉ အထိ မြင့်တက်ခဲ့ကြောင်း Mr. Nawandaru က ပြောကြားခဲ့သည်။

စားအုန်းဆီထုတ်လုပ်သူများအနေဖြင့် အဆိုပါ DMO အစီအစဉ်အရ ရောင်းချရမည့်ပမာဏကို ပြည့်မီအောင်ဆောင်ရွက်ခြင်းမရှိခဲ့ပါက မည်ကဲ့သို့အရေးယူခံရမည်ဆိုသည့်အချက်နှင့်ပတ်သက်၍မေးမြန်းမှုအပေါ် အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီးဌာန၏ပြောရေးဆိုခွင့်ရှိသူက တစ်စုံတစ်ရာမှတ်ချက်ပြုဖြေကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

Source: The Edge Malaysia, 11 Aug 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source:https://www.doca.gov.mm/my/node/46489

## အမေရိကန်နိုင်ငံနှင့်တရုတ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုများဖြစ်ပေါ်နေခြင်းကြောင့် ဂျပန်နိုင်ငံတွင် ကြက်သွန်နီနှင့်ကြက်သွန်ဖြူများ ပိုမိုဈေးသက်သာလာလျက်ရှိ

အမေရိကန်နိုင်ငံနှင့်တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးဆိုင်ရာတင်းမာမှုများဖြစ်ပေါ်နေခြင်းကြောင့် တရုတ်နိုင်ငံမှထွက်ရှိသည့် ကြက်သွန်နီနှင့်ကြက်သွန်ဖြူအပါအဝင်အခြားသောကုန်စည်များကို အမေရိကန်နိုင်ငံသို့ တင်ပို့နိုင်ခြင်းမရှိသည့်အတွက် တရုတ်နိုင်ငံအတွင်း ကုန်စည်ပိုလျှံမှုများဖြစ်ပေါ်ကာ ဂျပန်နိုင်ငံသို့ တိုးမြှင့်တင်ပို့လာသည့်အတွက် ဂျပန်နိုင်ငံတွင် ကြက်သွန်နီနှင့် ကြက်သွန်ဖြူဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့ထုတ် The Nikkei Asia သတင်းစာတွင် “US-China trade tensions mean cheaper onions, garlic for Japan” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံအတွင်းစားသုံးရန်လိုအပ်သော ကြက်သွန်ဖြူများ၏ ထက်ဝက်နီးပါးကို ပြည်ပနိုင်ငံများမှ ဝယ်ယူတင်သွင်းရလျက်ရှိကြောင်းနှင့် ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြည်ပမှ ဝယ်ယူတင်သွင်းရသည့် ကြက်သွန်ဖြူဈေးနှုန်းမှာ ၁၈ ရာခိုင်နှုန်းနှင့် ကြက်သွန်နီဈေးနှုန်းမှာ ၁၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းနှင့် လက်ကားဈေးနှုန်းများမှာ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း ဂျပန် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံမှ တင်သွင်းရသည့် သွင်းကုန်ဈေးနှုန်းများ ကျဆင်းခဲ့ခြင်းကြောင့် ဂျပန်ခေါက်ဆွဲနှင့် ဆိုဘာခေါက်ဆွဲ (ပန်းဂျုံခေါက်ဆွဲ)ကဲ့သို့သော ဟင်းလျာများနှင့် တရုတ်ဟင်းလျာများအတွက် တရုတ်နိုင်ငံမှ ဟင်းသီးဟင်းရွက်ဝယ်ယူတင်သွင်းလျက်ရှိသည့် စားသောက်ဆိုင်များမှာ အမြတ်ဝင်ငွေများ ပိုမိုရရှိလျက်ရှိကြကြောင်း၊ တရုတ်နိုင်ငံမှ တင်သွင်းလျက်ရှိသောဟင်းသီးဟင်းရွက်ဈေးနှုန်းများမှာ ဧပြီလမှစတင်၍ ကျဆင်းလာ လျက်ရှိကြောင်း၊ တရုတ်နိုင်ငံထုတ် ကြက်သွန်နီဈေးနှုန်းများမှာ ယခင်လနှင့်နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအကြား ကျဆင်းလျက်ရှိကြောင်း ဖော်ပြထားသည်။

အမေရိကန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ ထွက်ကုန်များအပေါ် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ၁၀ ရာခိုင်နှုန်းအကောက်ခွန်ကောက်ခံခဲ့သည့်အတွက် အမေရိကန်နိုင်ငံသို့ တရုတ်နိုင်ငံမှ ဟင်းသီးဟင်းရွက်များ တင်ပို့မှုမှာကျဆင်းခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်၊ မေလတွင် အမေရိကန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ အမေရိကန် ဒေါ်လာ ၁၄ သန်းတန်ဖိုးရှိ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များနှင့် အေးခဲဟင်းသီးဟင်းရွက်များ တင်သွင်းခဲ့ပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၄၀ ရာခိုင်နှုန်းကျဆင်း

ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်၊ မေလတွင် အမေရိကန်နိုင်ငံ အနေဖြင့် တရုတ်နိုင်ငံအပေါ် အကောက်ခွန်လျှော့ချပေးခဲ့သော်လည်း တရုတ်နိုင်ငံအတွင်း ဟင်းသီးဟင်းရွက် ပိုလျှံမှုများဖြစ်ပေါ်နေဆဲဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လနှောင်းပိုင်းတွင် တိုကျိုရှိ ဇဟိုလက်ကားဈေးကွက်၌ တရုတ်နိုင်ငံထုတ် ကြက်သွန်နီ ဈေးနှုန်းမှာ ၈ ရာခိုင်နှုန်း၊ ကြက်သွန်ဖြူဈေးနှုန်းမှာ ၉ ရာခိုင်နှုန်းနှင့် ကြက်သွန်မြိတ်ဈေးနှုန်းမှာ ၁၇ ရာခိုင်နှုန်း ကျဆင်းလျက်ရှိကြောင်း ဖော်ပြထားသည်။

(သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21082025_12:49

## ဂျပန်နိုင်ငံတွင် ဗီယက်နမ်ငှက်ပျောသီးများမှာ ဖိလစ်ပိုင်ငှက်ပျောသီးများ၏ ဈေးကွက်ဝေစုများကို ရယူလာလျက်ရှိ

ဂျပန်နိုင်ငံတွင် ဖိလစ်ပိုင်ငှက်ပျောသီးများတင်သွင်းမှုကျဆင်းလာသည့်အတွက် ဝယ်ယူသူများအနေဖြင့် စတိုးဆိုင်များတွင် ဗီယက်နမ်ငှက်ပျောသီးများကို ပိုမိုဝယ်ယူလာလျက်ရှိကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ ငှက်ပျောသီး ၃၃,၀၀၀ တန်တင်သွင်းခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် တင်သွင်းခဲ့မှု၏ ၁၄ ဆ နီးပါးများပြားခဲ့ကြောင်းနှင့် ဗီယက်နမ်နိုင်ငံမှ တင်သွင်းမှုမှာလည်း စုစုပေါင်းတင်သွင်းမှု၏ သုည ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၃ ဒသမ ၂ ရာခိုင်နှုန်းအထိများပြားခဲ့ကြောင်း ၂၀၂၅ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့ထုတ် The Nikkei Asia သတင်းစာတွင် “Vietnam takes bite out of Philippine bananas' market share in Japan” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် ဗီယက်နမ်နိုင်ငံမှ ဂျပန်နိုင်ငံသို့ ငှက်ပျောသီးတင်ပို့မှုမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂ ဆကျော်မြင့်တက်ခဲ့ကြောင်း၊ ဗီယက်နမ်ငှက်ပျောသီးများမှာ အရည်အသွေးကောင်းမွန်ပြီး၊ ဈေးနှုန်းချိုသာသည့်အတွက် ဂျပန်နိုင်ငံမှ ပိုမိုဝယ်ယူလာကြခြင်းဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် မက္ကဆီကိုနှင့် အီကွေဒေါအစရှိသည့် လက်တင်အမေရိကနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ဂျပန်နိုင်ငံနှင့်ပိုမိုနီးကပ်စွာတည်ရှိကြောင်း၊ ဂျပန်ဈေးကွက်တွင် ဗီယက်နမ်ငှက်ပျောသီးများသည် ဖိလစ်ပိုင်ငှက်ပျောသီးများ၏ ဈေးနှုန်းထက် ၁၀ ရာခိုင်နှုန်းသက်သာကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံမှ ဖိလစ်ပိုင်ငှက်ပျောသီးတင်သွင်းသူများအနေဖြင့် ဖိလစ်ပိုင်နိုင်ငံရှိ ငှက်ပျောစိုက်ပျိုး ထုတ်လုပ်သူများနှင့် ပူးပေါင်းကာ ဂျပန်ဈေးကွက်အတွင်း ဖိလစ်ပိုင်ငှက်ပျောသီး စဉ်ဆက်မပြတ်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၀ ပြည့်နှစ်အစောပိုင်းတွင် ဂျပန်ဈေးကွက်၏ ၉၀ ရာခိုင်နှုန်းနီးပါးကို နေရာယူနိုင်ခဲ့ကြောင်း၊ သို့သော် နောက်ပိုင်းတွင် အပင်ရောဂါများနှင့် ရာသီဥတုဒဏ်ကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် ငှက်ပျောထုတ်လုပ်မှုကျဆင်းခဲ့သည့် အပြင်လုပ်အားခများ များပြားလာခြင်းကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်မားလာသည့်အတွက် ဈေးနှုန်းများလည်းမြင့်တက်လာကြောင်း၊ သို့သော် လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံသည် ဂျပန်နိုင်ငံ၏ငှက်ပျောသီးအများဆုံးတင်သွင်းသူအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် ဂျပန်နိုင်ငံမှ ငှက်ပျောသီးစုစုပေါင်းတင်သွင်းမှု၏ ၇၅ ရာခိုင်နှုန်းကို ဖိလစ်ပိုင်နိုင်ငံမှ တင်သွင်းခဲ့ကြောင်း၊ သို့သော် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ငှက်ပျောသီးအရည်အသွေးကို ထိန်းထားနိုင်ခြင်းမရှိသည့်အတွက် ဂျပန်နိုင်ငံမှ တင်သွင်းသူများအနေဖြင့် ဖိလစ်ပိုင်ငှက်ပျောသီးများကို လျှော့ချတင်သွင်းလျက်ရှိကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့သည် ပစိဖိတ်ဖြတ်ကျော်မိတ်ဖက်ဆက်ဆံရေးနှင့် ဘက်စုံတိုးတက်ရေးသဘောတူညီချက်(Comprehensive and Progressive Agreement for Trans-Pacific Partnership-CPTPP)၏ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့်အားလျော်စွာ ဂျပန်နိုင်ငံအနေဖြင့် ဗီယက်နမ်ငှက်ပျောသီးကို ၅ ဒသမ ၄ ရာခိုင်နှုန်း အကောက်ခွန်ကောက်ခံလျက်ရှိကြောင်းနှင့် အဆိုပါအကောက်ခွန်နှုန်းကို တစ်ဖြည်းဖြည်းလျှော့ချကာ ၂၀၂၈ ခုနှစ်တွင် အကောက်ခွန်ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ဖိလစ်ပိုင်နိုင်ငံမှ တင်ပို့လာသည့် ငှက်ပျောသီးကို တင်ပို့လာသည့်ကာလအပေါ်မူတည်၍ ၈ ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်းအထိ အကောက်ခွန် ကောက်ခံလျက်ရှိသည့်အတွက် ဈေးနှုန်းအရ ကြည့်မည်ဆိုပါက ဗီယက်နမ်ငှက်ပျောသီးများမှာ များစွာအားသာလျက် ရှိကြောင်းဖော်ပြထားသည်။

(သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21082025_12:55

## ကမ္ဘောဒီးယားမှဒူးရင်းသီးများ တရုတ်သို့ တိုက်ရိုက်တင်ပို့လာ

ကမ္ဘောဒီးယားနိုင်ငံက တင်ပို့တဲ့ ဒူးရင်းသီးပထမဆုံးအသုတ်ဟာ ပြီးခဲ့တဲ့တစ်ပတ်က လေကြောင်းနဲ့ ရောက်ရှိလာခဲ့ပြီး ဒါဟာ နှစ်နိုင်ငံကြား သစ်သီးဝလံတွေအတွက် တိုက်ရိုက်လေကြောင်းကုန်သွယ်မှုလမ်းကြောင်း စတင်ဖွင့်လှစ်တာကို ပြသတာဖြစ်တယ်လို့ South China Morning Post သတင်းမှာ ဖော်ပြထားသည်။

ကမ္ဘောဒီးယားက ပထမဆုံးအသုတ်အဖြစ် နှစ်တန်ပါတဲ့ ဒူးရင်းသီးတွေကို လေအေးပေးစနစ်ပါတဲ့ အထူးလေယာဉ်နဲ့ ပိတ်ရက်မှာပို့ဆောင်ခဲ့ပြီး လေးနာရီအတွင်း ရောက်ရှိခဲ့တာကြောင့် တရုတ်စားသုံးသူတွေကို လတ်လတ်ဆတ်ဆတ် စားသုံးခွင့်ရစေတယ်လို့ တရုတ်နိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံရုံးရဲ့ တရားဝင် Wechat အကောင့်မှာ ဖော်ပြထားတာကို တွေ့ရသည်။ ဒူးရင်းသီးဟာ ငှက်ပျောသီး၊ သရက်သီး၊ လုံကန်သီးနဲ့ အုန်းသီးတို့ ပြီးတဲ့နောက် ကမ္ဘောဒီးယားကနေ တရုတ်ကို တင်ပို့ခွင့်ရတဲ့ သစ်သီးဝလံ ဖြစ်သည်။

ကမ္ဘောဒီးယားစိုက်ပျိုးရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ကမ္ဘောဒီးယားတွင် ဒူးရင်းစိုက်ပျိုးမြေ ဟက်တာ ၁၁,၀၀၀ ကျော်ရှိပြီး နှစ်စဉ်ထုတ်လုပ်မှုတန်ချိန် ၁၂၀,၀၀၀ ကျော်ရှိသည်။ ခမာတိုင်းမ်စ်သတင်းစာ၏ ဖော်ပြချက်အရ ကမ္ဘောဒီးယားနိုင်ငံတွင်ရှိသော ဒူးရင်းခြံ ၁၁၂ ခြံနှင့် ထုပ်ပိုးမှုစက်ရုံ ၃၀ ကို တရုတ်နိုင်ငံ အကောက်ခွန်ဌာနက စံချိန်စံညွှန်းပြည့်မီကြောင်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားသည်ဟု သိရသည်။ ၂၀၀၂ ခုနှစ်ကတည်းက တရုတ်နိုင်ငံဟာ ဒူးရင်းသီးသံတမန်ဆက်ဆံရေးလို့ မကြာခဏခေါ်လေ့ရှိတဲ့ ဗျူဟာတစ်ခုအဖြစ် ဒူးရင်းသီးတင်ပို့တဲ့နိုင်ငံတွေကို သူတို့ရဲ့ဈေးကွက်ထဲကို ပိုမိုဝင်ခွင့်ပေးပြီး ဈေးကွက်ချဲ့ထွင်ခဲ့တာဖြစ် သည်။

Source: https://onenewstvchannel.com/agriculture-breeding/export/

## အမေရိကန်အခွန်မှ ထိခိုက်မှုကို တန်ပြန်ရန် နိုင်ငံပေါင်း ၅၀ သို့ ပို့ကုန်ဈေးကွက်ချဲ့ထွင်သွားမည့် အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စုက ၅၀ ရာခိုင်နှုန်းအထိ အခွန်စည်းကြပ်မှုမြင့်တက်လာနေချိန်တွင် မည်သည့်ဈေးကွက်တစ်ခုတည်းအပေါ်တွင်မဆို အားကိုးအားထားပြုခြင်းမှလျှော့ချရန်နှင့် ကုန်သွယ်မှုပြတ်တောက်မှု အန္တရာယ်များကိုလျှော့ချရန်အတွက် အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသများအပါအဝင် နိုင်ငံ ၅၀ သို့ ပို့ကုန်ဈေးကွက်ချဲ့ထွင်လျက်ရှိကြောင်းသိရသည်။ အဆိုပါနိုင်ငံ ၅၀ သည် အိန္ဒိယနိုင်ငံ၏ပို့ကုန်စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုကြောင်း Economic Times က ယခုလ ၁၁ ရက်နေ့တွင် ဖော်ပြထားသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် အိန္ဒိယနိုင်ငံ၏ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန်အတွက် "ကုန်ပစ္စည်းတစ်ခုချင်းအလိုက်"အခြေခံ("product by product" basis)ဖြင့် ဆောင်ရွက်လျက်ရှိသည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။ "ရည်ရွယ်ချက်ကတော့ ထိပ်တန်းနိုင်ငံ ၅၀ ကို ပန်းတိုင်ရည်မှန်းချက်ထားပြီး ကုန်ပစ္စည်းတစ်ခုချင်းစီနဲ့ အိန္ဒိယနိုင်ငံရဲ့ပြိုင်ဘက်တွေကိုလေ့လာပြီး အန္တရာယ်တွေကိုလျှော့ချဖို့နဲ့ ထုတ်လုပ်မှုနဲ့ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ဖို့ပါပဲ" ဟု အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အခြားဈေးကွက်များကိုရှာဖွေနိုင်ရန် အဆိုပါလုပ်ငန်းစဉ်ကိုပို့ကုန်မြှင့်တင်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အိန္ဒိယနိုင်ငံ၏ကုန်စည်ပို့ကုန်သည် ပြီးခဲ့သည့်ဇွန်လတွင် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၁၄ ဘီလီယံတွင် တည်ငြိမ်နေခဲ့သောကြောင့် ယင်းအချက်သည် အရေးကြီးသည်ဟု ပြောကြားခဲ့သည်။

ပြီးခဲ့သည့်သီတင်းပတ်က အမေရိကန်ပြည်ထောင်စုသည် အိန္ဒိယနိုင်ငံမှ တင်သွင်းကုန်များအပေါ် အခွန်နှုန်းထားကို ၅၀ ရာခိုင်နှုန်းအထိ နှစ်ဆတိုးမြှင့်ခဲ့ရာ၊ ၎င်းသည် မည်သည့်နိုင်ငံအပေါ်တွင်မဆိုထားရှိသည့် အကောက်ခွန်များထက် အမြင့်ဆုံးအနေအထားဖြစ်ပြီး ဘရာဇီးနိုင်ငံနှင့် တန်းတူဖြစ်ကာ ကုန်သွယ်ရေးတင်းမာမှု များမြင့်တက်လာမှုကိုပြသသည့် လုပ်ရပ်တစ်ခုဖြစ်ကြောင်းသိရသည်။ ကနဦး ၂၅ ရာခိုင်နှုန်းအခွန် စည်းကြပ်မှုသည် ပြီးခဲ့သည့်သီတင်းပတ်က စတင်အသက်ဝင်ခဲ့သော်လည်း နောက်ထပ် ၂၅ ရာခိုင်နှုန်းသည် ယခုလ ၂၇ ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

ရေထွက်ကုန်များ၊ အထည်အလိပ်များ၊ သားရေများ၊ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာများကဲ့သို့သော ကဏ္ဍများသည် အဆိုပါအခွန်များကြောင့် ပြင်းထန်စွာထိခိုက်နိုင်သည်ဟု မျှော်မှန်းရကြောင်း၊ စိုးရိမ်စရာကောင်းသည်မှာ တူရကီနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကဲ့သို့သော ပြိုင်ဘက်နိုင်ငံများသည် ၁၅ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်းနှင့် ၁၉ ရာခိုင်နှုန်းစသည့်

သိသိသာသာနိမ့်ကျသော အခွန်နှုန်းထားအသီးသီးနှင့် ရင်ဆိုင်နေရပြီး အိန္ဒိယထုတ်ကုန်များကို အမေရိကန်ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းနည်းပါးစေကြောင်း တွေ့ရသည်။

ဗဟိုအစိုးရအနေဖြင့် ပို့ကုန်များကို အမေရိကန်ပြည်ထောင်စု၏ အခွန်အကောက်အသစ်များ၏ ထိခိုက်မှုမှကာကွယ်ရန် မဟာဗျူဟာတစ်ရပ်ကိုရေးဆွဲဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ၎င်းတွင် ထိခိုက်ခံရသော ကဏ္ဍများအတွက် အဆိုပြုထားသောပို့ကုန်မြှင့်တင်ရေးစီမံချက်အောက်တွင် လိုအပ်သလိုပြုပြင်ပြောင်းလဲထားသော အစီအစဉ်များပေးအပ်ခြင်း၊ ကုန်စည်များကို အခြားဒေသများသို့လမ်းကြောင်းပြောင်းခြင်းနှင့် ပို့ကုန်အမှာစာနည်းပါးသောကုန်ပစ္စည်းများကို ပြည်တွင်းလိုအပ်ချက်ဖြည့်ဆည်းရန် လမ်းကြောင်းပြောင်းနိုင်မည့်ကုန်ပစ္စည်းများကို ဖော်ထုတ်ခြင်းတို့ပါဝင်ကြောင်းတွေ့ရသည်။ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနသည် ပို့ကုန်တိုးမြှင့်ရန်နိုင်ငံ ၂၀ ကို ရည်မှန်းချက်ထားပြီးသားဖြစ်ရာ ယခုအခါ မဟာဗျူဟာအသစ်တွင် နောက်ထပ် နိုင်ငံ ၃၀ ကို ထပ်မံထည့်သွင်းခဲ့ပြီး စုစုပေါင်း ၅၀ အထိဖြစ်လာခဲ့ကြောင်းသိရသည်။

Source: Economic Times, Export Outreach Widened to 50 Countries to Negate US Tariff Hit, Aug 11, 2025.

(ကောင်းထွဋ်နွေအောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source:https://myantrade.gov.mm/article/STP(Ygn)_21082025_14:15

## အာဖဂန်နစ္စတန်မှတာဂျီကီစတန်သို့ ပထမဆုံးငါးအစာ တင်ပို့မှုအားစတင်

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း Balkh ပြည်နယ်မှ တာဂျစ်ကစ္စတန်နိုင်ငံသို့ ငါးအစာတန် ချိန် ၅၀ အား ပထမဆုံးအကြိမ်တင်ပို့ခဲ့ပြီး နိုင်ငံ၏ကြီးထွားလာသော ဒေသအတွင်းကုန်သွယ်မှုရည်မှန်းချက်များကို အလေးပေးဖော်ပြသည်။ လုပ်ရှားမှုတစ်ခုဖြစ်လာကြောင်း နိုင်ငံပိုင် Bakhtar သတင်း အေဂျင်စီ၏ ဇူလိုင်လ ၂၆ ရက်နေ့ ဖော်ပြချက်အရသိရသည်။ အရည်အသွေးအာမခံချက်နှင့် စံချိန်စံညွှန်းပြည့်မီအောင် စီမံဆောင်ရွက်ပြီး နောက်ငါးအစာများအား တာဂျစ်ဈေးကွက်သို့ ပို့ဆောင်ခဲ့ကြောင်း စက်မှုလက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဌာန အကြီးအကဲ Hafiz Amir Mohammad Muttaqi ၏ ပြောကြားချက်အရသိရသည်။

၎င်းသည် အာဖဂန်နစ္စတန် နိုင်ငံ၏ ပို့ကုန်တင်ပို့မှုကိုကွဲ ပြားစေရန်နှင့် ဒေသတွင်းဈေးကွက်များတွင် ၎င်း၏ တည်ရှိမှုတိုးချဲ့ရန် သိသာထင်ရှားသော ခြေလှမ်းတစ်ခုဖြစ်သည်ဟု Muttaqi က ပြောကြားခဲ့သည်။ ယခုလအစောပိုင်းတွင် Balkh ပြည်နယ်မှ United Kingdom သို့ လျှော်ဖွတ်ရေး ထုတ်ကုန်အများအပြား တင်ပို့ခဲ့သည်။ ပုဂ္ဂလိက ကဏ္ဍတိုးတက်မှုကို လွယ်ကူချောမွေ့စေပြီး ဒေသဆိုင်ရာဈေးကွက်များသို့ လက်လှမ်းရှိနိုင်စေခြင်းဖြင့် အာဖဂန်ကြားဖြတ် အစိုးရသည် ပို့ကုန်များတိုးချဲ့ခြင်း၊ အမျိုးသားစီးပွားရေးကိုအားကောင်းစေခြင်းနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုခြေရာကို မြှင့်တင်ရန်အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်းသိရသည်။

Source: https://www.doca.gov.mm/my/node/46994

## ထိုင်ဝမ်သည် ဗီယက်နမ်နိုင်ငံမှ တင်ပို့သည့် ဘိလပ်မြေနှင့် ကလစ်ကာများအပေါ် တန်ပြန်ကောက်ခံသည့်အခွန် (Anti – Dumping Duties )ကောက်ခံသွားမည်

ထိုင်ဝမ်ဘိလပ်မြေလုပ်ငန်းရှင်များအသင်း၏တောင်းဆိုချက်အရ စုံစမ်းစစ်ဆေးမှုကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် စတင်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်အတွင်း ဆောင်ရွက်သည့် ကိစ္စရပ်များအကျုံးဝင်ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံမှ ဘိလပ်မြေနှင့် ကလစ်ကာတင်သွင်းမှုအပေါ် ၁၃ ဒသမ ၅၉ ရာခိုင်နှုန်းမှ ၂၃ ဒသမ ၂ ရာခိုင်နှုန်းအထိ စုပုံတင်သွင်းမှုအပေါ် တန်ပြန်ကောက်ခံသည့်အခွန်ကောက်ခံသွားမည်ဖြစ်ကြောင်း ထိုင်ဝမ်(တရုတ်)မှ အပြီးသတ်ဆုံးဖြတ်ချက်တစ်ရပ်ထုတ်ပြန်ခဲ့ကြောင်း ဗီယက်နမ်ကုန်သွယ်မှုကုစားရေး အာဏာပိုင် အဖွဲ့၏အဆိုအရ သိရသည်။

အဆိုပါဆုံးဖြတ်ချက်သည် ၂၀၃၀ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့အထိ ၅ နှစ်သက်တမ်းရှိကြောင်း၊ စုံစမ်းစစ်ဆေးမှုသည် ထိုင်ဝမ်ဘိလပ်မြေလုပ်ငန်းရှင်များအသင်း၏ တောင်းဆိုချက်အရ ၂၀၂၃ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်အထိ တင်ပို့သည့် ကိစ္စရပ်များအကျုံးဝင်ကြောင်း ဖော်ပြထားသည်။

စစ်ဆေးခံနေရသော ထုတ်ကုန်များသည် HS ကုဒ် 2523.29.90.00.2 နှင့် 2523. 10.90.00.3 အောက်တွင် အမျိုးအစားခွဲထားသော Portland ဘိလပ်မြေနှင့် ကလစ်ကာများဖြစ်ကြောင်း သိရသည်။

အချို့သောကုန်သွယ်ရေးဆောင်ရွက်မှုများကြောင့် ထိခိုက်ရသည့် ဗီယက်နမ်ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အမိန့် ထုတ်ပြန်သည့် ဇူလိုင် ၂၂ ရက်နေ့မှ ၂ လအတွင်း တိုင်ပေအထက်တန်းတရားရုံးသို့ အယူခံတင်သွင်းနိုင်ကြောင်း ဗီယက်နမ် ကုန်သွယ်မှုကုစားရေးအာဏာပိုင်အဖွဲ့၏ ပြောကြားချက်အရ သိရသည်။

ဗီယက်နမ်ကုန်သွယ်မှု ကုစားရေးအာဏာပိုင်များသည် ပို့ကုန်လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များအား (နှစ်စဉ် သို့မဟုတ် သတ်မှတ်ကာလ)အတွင်း ပြန်လည်သုံးသပ်ချက်တောင်းခံရန် တိုက်တွန်းထားသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ၎င်း၏ ပို့ကုန်များအပေါ် အခွန်နှုန်းထားများလျှော့ချနိုင်ကြောင်းအကြံပြုထားသည်။ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့်လည်း ၎င်းတို့၏ ထုတ်ကုန်ဈေးကွက်များချဲ့ထွင်ရန်နှင့် ဈေးကွက်များကွဲပြားစေရန် အကြံပြုထားကြောင်း ဖော်ပြပါရှိသည်။

Source: https://wtocenter.vn, (ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန္နိုင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_19082025_14:45

## ဒူဘိုင်းပြည်နယ်တွင် ဒေသအခြေစိုက်ရုံးချုပ်တည်ထောင်ရန်အတွက် တရုတ်နိုင်ငံမှ Zhuanzhuan Group နှင့် DAFZ တို့ပူးပေါင်းဆောင်ရွက်

ဒူဘိုင်းပေါင်းစပ်စီးပွားရေးဇုန်များအာဏာပိုင်အဖွဲ့အစည်း(DIEZ)၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဒူဘိုင်းလေဆိပ် ကင်းလွတ်ဇုန်(DAFZ)သည် တရုတ်နိုင်ငံ၏ထိပ်တန်းတစ်ပတ်ရစ်ပစ္စည်းများရောင်းချသည့်လမ်းကြောင်းတစ်ခုဖြစ်သည့်China's Zhuanzhuan Groupစီးပွားရေးအုပ်စုနှင့်မဟာဗျူဟာမြောက်နားလည်မှုစာချွန်လွှာ (MoU)တစ်ရပ်ကိုလက်မှတ်ရေးထိုးခဲ့သည်။

၎င်းသဘောတူညီချက်အရ အဆိုပါစီးပွားရေးအုပ်စုသည် DAFZ တွင် အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ ရုံးချုပ်ကို တရုတ် နိုင်ငံပြင်ပတွင်တည်ထောင်မည့်ပထမဆုံးသောဒေသတွင်းသို့ ရောက်ရှိအခြေစိုက်မှုတစ်ခုဖြစ်ကြောင်းသတင်းဖော်ပြထားသည်။

ဤပူးပေါင်းဆောင်ရွက်မှုသည် ဒူဘိုင်းစီးပွားရေးအစီအစဉ် D33 နှင့်ကိုက်ညီပြီး ရေရှည်တည်တံ့သော ကုန်သွယ်မှုနှင့် မှုဝေခြင်း၊ ငှားရမ်းခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြုပြင်ခြင်း၊ ပြန်လည်ပြုပြင်ခြင်းနှင့် ထုတ်ကုန်များနှင့် ထုတ်ကုန်တွင် အသုံးပြု သည့်ပစ္စည်းများကို တတ်နိုင်သမျှပြန်လည်အသုံးပြုသည့် ထုတ်လုပ်မှုနှင့် သုံးစွဲမှုပုံစံတစ်ခုဖြစ်သော စက်ဝိုင်းပုံစီးပွားရေးစနစ် အလေ့အကျင့်များ(circular economy practices)တွင် ကမ္ဘာ့ဦးဆောင်သူတစ်ဦးဖြစ်လာရန်အတွက် မျှော်မှန်းထားသည့် ဒူဘိုင်း၏ ရည်မှန်းချက်များကို ပံ့ပိုးပေးလျက်ရှိသည်။ ဒူဘိုင်းရှိ Zhuanzhuan ၏ လုပ်ငန်းစက်ရုံသည် ပြန်လည်အသုံးပြုခြင်း၊ စစ်ဆေးခြင်း၊ အမျိုးအစားခွဲခြင်းနှင့် ထုပ်ပိုးခြင်းစသည်တို့အပါအဝင် ထောက်ပံ့ပို့ဆောင်ရေး၊ အကောက်ခွန်နှင့် ဖြန့်ဖြူးရေး ဆိုင်ရာလုပ်ငန်းစဉ်များ တွင် DIEZ ၏လုပ်ငန်းလည်ပတ်မှု၊ ပံ့ပိုးကူညီမှုများဖြင့် စီမံဆောင်ရွက်သွားမည်ဖြစ်သည်။

တရုတ်နိုင်ငံရှိမြို့ပေါင်း ၈၀ မြို့တို့တွင် အရောင်းဆိုင်ပေါင်း ၉၆၀ ကျော်တို့ဖြင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်လျက်ရှိ သည့် Zhuanzhuan Group စီးပွားရေးအုပ်စုသည် မှတ်ပုံတင်အသုံးပြုသူပေါင်း သန်း ၄၀၀ ကျော်ရှိပြီး ပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဦးစားပေးလုပ်ဆောင်လျက်ရှိကာ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုတစ်လျှောက် ရေရှည်တည်တံ့မှုကို မြှင့်တင်ပေးသည့် အလေ့အထစီးပွားရေးပုံစံများ(eco-conscious business model)နှင့် ရေရှည်တည်တံ့သောအလေ့အကျင့် များမှတစ်ဆင့် ကာဗွန်ထုတ်လွှတ်မှုတန်ချိန် ၄ ဒသမ ၁ သန်းကိုလျှော့ချနိုင်ခဲ့ခြင်းကြောင့် ထိပ်တန်းမှရပ်တည်လျက်ရှိပြီး ထင်ရှားလူသိများသော စီးပွားရေးအုပ်စု တစ်ခုဖြစ်သည်။

DAFZ ၏ ညွှန်ကြားရေးမှူးချုပ် Amna Lootah က အဆိုပါပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံတကာဆန်းသစ်တီထွင်သူ များအတွက် ဒူဘိုင်း၏ဆွဲဆောင်မှုကို မီးမောင်းထိုးပြသလျက်ရှိပြီး အာရှ၊ အာဖရိကနှင့် ဥရောပဒေသများကို ချိတ်ဆက်ပေး သည့် ကုန်သွယ်မှုတံခါးပေါက်အဖြစ် ၎င်းတို့၏ရပ်တည်ချက်ကို ခိုင်မာစေကြောင်း မှတ်ချက်ပြုပြောကြားခဲ့သည်။ Zhuanzhuan စီးပွားရေးအုပ်စု၏ကော်ပိုရိတ်ဒုတိယဥက္ကဋ္ဌ Wang Su က ဒူဘိုင်းသည် ၎င်း၏ဗျူဟာမြောက်တည်နေရာနှင့် အခြေခံ အဆောက် အအုံများကြောင့် အရှေ့အလယ်ပိုင်းဒေသအတွင်း လုပ်ငန်းများကိုချဲ့ထွင်ရန်အတွက် စံပြပစ်စင်(Launchpad)တစ်ခုအဖြစ် ဥပမာပေး၍ ထပ်တူပြုပြောကြားခဲ့သည်။

အဆိုပါ MoU တွင် စက်ဝိုင်းပုံစီးပွားရေးစနစ်ဖြင့်လည်ပတ်ဆောင်ရွက်သည့် စီးပွားရေးလမ်းကြောင်းများနှင့် တစ်ပတ် ရစ်ကုန်သွယ်မှုဆိုင်ရာ ပူးတွဲသုတေသနနှင့်မူဝါဒစာတမ်းများကို ပြုစုပျိုးထောင်ရန် ကတိကဝတ်များလည်း ပါဝင်သည်။ သဘော တူညီချက်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် DAFZ သည် Zhuanzhuan ၏တည် ဆောက်မှုနှင့်ပေါင်းစပ်မှုကို လွယ်ကူချောမွေ့စေ

မည်ဖြစ်ပြီး ကုမ္ပဏီသည် ဒေသတွင်းလိုက်နာမှုစံနှုန်းများနှင့် လိုက်လျောညီထွေဖြစ်စေကာ ၎င်း၏ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွန်ရက်မှ အခွင့်အလမ်းသစ်များကို ဆောင်ကျဉ်းပေးသွားမည်ဖြစ်သည်။

ဤပူးပေါင်းဆောင်ရွက်မှုသည် စက်ဝိုင်းပုံစီးပွားရေးစနစ်သုံး စီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်းပုံစံအသစ်များကို အထောက်အကူဖြစ်စေရန်အတွက် မျှော်မှန်းထားခြင်းဖြစ်ပြီး ရေရှည်တည်တံ့ပြီးဆန်းသစ်တီထွင်မှုဦးဆောင်သော ကမ္ဘာ့ကုန်သွယ်မှုလုပ်ငန်းများအတွက် ဒူဘိုင်း၏ရပ်တည်ချက်ကို အားဖြည့်ပေးထားခြင်းဖြစ် ကြောင်း သတင်းဖော်ပြထားသည်။

Source: Dubai Media Office, (နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_20082025_13:34

## ၂၀၃၀ ခုနှစ်တွင် ကုန်သွယ်မှုနှစ်ဆဖြစ်ပေါ်ရန် သမိုင်းတွင် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီမှုကို လက်မှတ်ရေးထိုးလိုက်သည့် အိန္ဒိယနိုင်ငံနှင့် ဗြိတိန်နိုင်ငံ

အိန္ဒိယနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့သည် လွတ်လပ်သောစာချုပ်ဖြစ်သည့် အိန္ဒိယ–ဗြိတိန်ဘက်စုံစီးပွားရေးနှင့် ကုန်သွယ်ရေးသဘောတူညီချက် (CETA) ကိုလက်မှတ်ရေးထိုးခဲ့ကြောင်းနှင့် အဆိုပါ လက်မှတ်ရေးထိုးမှုကြောင့် အဆိုပါနှစ်နိုင်ငံသည် ၂၀၃၀ ခုနှစ်တွင် ကုန်သွယ်ရေးနှစ်ဆ ဒေါ်လာ ၁၁၂ ဘီလီယံအထိ မြင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ပို့ကုန်ဝန်ဆောင်မှုများကို အရှိန်မြင့်တင်နိုင်ကြောင်းနှင့် အစိုးရဝယ်လိုမှုကို ဖြေလျော့နိုင်ကြောင်း သိရသည်။ အဆိုပါ CETA သည် ဗြိတိန်အား အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေး၊ အစားအသောက်ထုတ်လုပ်ရေး၊ ပင်လယ်စာ၊ အထည်အလိပ်၊ အင်ဂျင်နီယာ စက်ပစ္စည်းများ၊ အီလက်ထရောနစ်၊ ဖိနပ်နှင့် ကျောက်မျက်ရတနာကဲ့သို့သော လုပ်ငန်းများမှ ကုန်ပစ္စည်းများအပေါ် အခွန်ကောက်ခံမှု ၉၉ ရာခိုင်နှုန်းခန့် လျော့ချရန် ဖော်ဆောင်ပေးနိုင်ခဲ့ ကြောင်း သိရသည်။

ဗြိတိန်ကုမ္ပဏီများသည်လည်း ကားများ၊ စကော့ဝီစကီ၊ အအေး၊ အာကာသဆိုင်ရာစက်ပစ္စည်းများ၊ လူအသုံးအဆောင်နှင့် ဆေးဘက်ဆိုင်ရာစက်ပစ္စည်းများကဲ့သို့သောကဏ္ဍများတွင် ဈေးကွက်ဝင်ရောက်မှုများရရှိရန် မျှော်မှန်းထားကြောင်းနှင့် အိန္ဒိယနိုင်ငံသို့ တင်ပို့သော ကုန်ပစ္စည်းများအပေါ် အခွန် ၃ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းခန့်လျော့ချရန် မျှော်မှန်းကြောင်း သိရသည်။ ဗြိတိန်နိုင်ငံသည် CETA ရေးထိုးပြီး ၁၀ နှစ်အကြာတွင် အိန္ဒိယနိုင်ငံမှ တင်ပို့သော ကုန်ပစ္စည်း ၈၅ ရာခိုင်နှုန်းအပေါ် အကောက်ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်းနှင့် ကုန်သွယ်မှုလိုင်း ၆၄ လိုင်းမှာ အကောက်ခွန်မဲ့အဖြစ်သတ်မှတ်မည်ဖြစ်ကြောင်း သိရသည်။ Source: https://www.doca.gov.mm/my/node/46641

## တောင်ကိုရီးယားနိုင်ငံတွင်း စက်သုံးဆီအတွက် ကောက်ခံသည့်အခွန် လျှော့ချပေးမှုကို ၂၀၂၅ ခုနှစ် အောက်တိုဘာလအထိ သက်တမ်းတိုးမြှင့်သွားမည်

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ အတက်အကျမတည်ငြိမ်မှုများကြောင့် တောင်ကိုရီးယားနိုင်ငံရှိ အိမ်ထောင်စုဝင်များအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာဝန်ထုပ်ဝန်ပိုးများကို ထမ်းထားရမှုမှသက်သာစေရန်ရည်ရွယ်၍ တောင်ကိုရီးယားနိုင်ငံတွင်း စက်သုံးဆီအတွက်ကောက်ခံသည့်အခွန်(Fuel Taxes) လျှော့ချပေးမှုကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအထိ သက်တမ်းတိုးမြှင့်သွားမည်ဟု စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

လက်ရှိ ထုတ်ပြန်လိုက်သောအစီအစဉ်အရ ဓာတ်ဆီတစ်လီတာရောင်းချမှုအပေါ် ကောက်ခံသည့် Fuel Taxes ကို ၁၀ ရာခိုင်နှုန်းလျှော့ချပေးမည်ဖြစ်ပြီး ဒီဇယ်နှင့် ဓာတ်ငွေ့ရည်(Liquefied Petroleum Gas–LPG) တစ်လီတာရောင်းချမှုအပေါ် ကောက်ခံသည့်အခွန်ကို ၁၅ ရာခိုင်နှုန်းလျှော့ချပေးမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် စက်သုံးဆီအတွက် ကောက်ခံသည့်အခွန်လျှော့ချပေးမှုကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလကတည်းက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ မြင့်မားလာသောစွမ်းအင်ဈေးနှုန်းများကို တုံ့ပြန်သည့်အနေဖြင့် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ကောက်ခံသည့်အခွန်လျှော့ချပေးမှုနှုန်းထားကို ပြောင်းလဲနေသော ကမ္ဘာ့စွမ်းအင်ဈေးနှုန်းပြောင်းလဲမှုနှုန်းထားနှင့်အညီ ချိန်ညှိပေးလျက်ရှိသည်။ ယခုအကြိမ် သက်တမ်းတိုးခြင်းသည် ၁၇ ကြိမ်မြောက် သက်တမ်းတိုးခြင်းဖြစ်သည်။ စွမ်းအင်အတွက် ပြည်ပမှ ရေနံစိမ်းတင်သွင်းမှု အပေါ်များစွာမှီခိုနေရသည့်နိုင်ငံဖြစ်သည့်အတွက် ကမ္ဘာ့စွမ်းအင်ဈေးနှုန်းထူးထူးခြားခြား အပြောင်းအလဲဖြစ်သည့်ဒဏ်ကို ခံနိုင်ရည်မရှိသည့်နိုင်ငံဖြစ်သည်။ ကမ္ဘာ့စွမ်းအင်ဈေးနှုန်းမြင့်မားလာ

ခြင်းသည် တောင်ကိုရီးယား ပြည်တွင်းငွေကြေးဖောင်းပွမှုကိုဖြစ်စေသည့် အကြောင်းရင်းတစ်ခုပင်ဖြစ်သည့်အတွက် ယခုကဲ့သို့ စွမ်းအင်ဈေးနှုန်းတည်ငြိမ်စေရေး အစိုးရကစောင့်ကြည့်လေ့လာ၍ သင့်လျော်သောမူဝါဒများ ချမှတ်ပေးရခြင်းဖြစ်သည်။

Source: Korea Times (14–8–2025), (ပပ၊ စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_18082025_15:00

## ၂၀၂၅ ဘဏ္ဍာနှစ် ပထမနှစ်ဝက်တွင် ဂျပန်နိုင်ငံ၏ စာရင်းရှင်စာရင်းပိုငွေမှာ ၉ ရာခိုင်နှုန်းများပြားခဲ့

ကုန်သွယ်မှုလိုငွေကျဆင်းခဲ့ခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ အမြတ်ရရှိမှုများပြားခဲ့ခြင်းတို့ကြောင့် ၂၀၂၅ ဘဏ္ဍာနှစ် ပထမနှစ်ဝက်တွင် ဂျပန်နိုင်ငံ၏ စာရင်းရှင်စာရင်းပိုငွေမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၉ ဒသမ၁ ရာခိုင်နှုန်းများပြားခဲ့ပြီး ၁၄ ဒသမ ၆၀ ထရီလီယံယန်း(အမေရိကန် ဒေါ်လာ ၉၉ ဒသမ ၁ ဘီလီယံ)ရှိခဲ့ကြောင်း ဂျပန်အစိုးရက ထုတ်ပြန်ခဲ့သည်ကို ၂၀၂၅ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့ထုတ် The Mainichi သတင်းစာတွင် “Japan's current account surplus grows 9% in 1st half of 2025” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ ၆ လတာကာလအတွင်း ဂျပန်နိုင်ငံ၏ စာရင်းရှင်စာရင်းပိုငွေမှာ ၁၉၈၅ ခုနှစ်မှစတင်၍ ဒုတိယအများဆုံးဖြစ်ခဲ့ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်သည့် စက်ကိရိယာများနှင့် မော်တော်ယာဉ်များ တင်ပို့မှုမြင့်မားခဲ့ခြင်းကြောင့် ပို့ကုန်မှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၂ ဒသမ ၃ ရာခိုင်နှုန်းမြင့်မားခဲ့ပြီး ၅၁ ဒသမ ၈၆ ထရီလီယံယန်းရှိခဲ့ကြောင်း၊ ထို့ကြောင့် ဂျပန်နိုင်ငံ၏ ကုန်စည်ကုန်သွယ်မှုလိုငွေမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၈ ဒသမ ၉ ရာခိုင်နှုန်းလျော့နည်းခဲ့ပြီး ၁ ဒသမ ၇၆ ထရီလီယံယန်းရှိခဲ့ကြောင်း ဖော်ပြထားသည်။

ဆေးပစ္စည်းများနှင့်ဆက်သွယ်ရေးကိရိယာများ တင်သွင်းမှုများပြားခဲ့ခြင်းကြောင့် ဂျပန်နိုင်ငံ၏သွင်းကုန်မှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက သုည ဒသမ ၉ ရာခိုင်နှုန်းများပြားခဲ့ပြီး၊ ၅၃ ဒသမ ၆၂ ထရီလီယံယန်းရှိခဲ့ကြောင်း၊ ဂျပန်နိုင်ငံ၏ ထုတ်ကုန်များအပေါ် အမေရိကန်နိုင်ငံမှ အကောက်ခွန်များတိုးမြှင့်ကောက်ခံခဲ့သော်လည်း ဂျပန်နိုင်ငံ၏ပို့ကုန်မှာ ဆက်လက်မြင့်မားနေဆဲဖြစ်ကြောင်း၊ ဘဏ္ဍာရေးကဏ္ဍ၊ အာမခံလုပ်ငန်းကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံထားသော ဂျပန်ကုမ္ပဏီများ၏ ပြည်ပနိုင်ငံများရှိရုံးခွဲများမှ အမြတ်ခွဲဝေရရှိမှုများ မြင့်မားခဲ့ခြင်းကြောင့် ဂျပန်ကုမ္ပဏီများ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ဝင်ငွေရရှိမှုမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၃ဒသမ ၃ ရာခိုင်နှုန်းများပြားခဲ့ပြီး ၂၀ ဒသမ ၇၇ ထရီလီယံယန်းရှိခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ ၆ လတာကာလအတွင်း ဂျပန်နိုင်ငံသို့ ပြည်ပခရီးသွားဧည့်သည် ၂၁ ဒသမ ၅၂ သန်းနီးပါးလာရောက်ခဲ့ပြီး ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၂၁ ရာခိုင်နှုန်း မြင့်မားခဲ့ကြောင်း၊ ထို့ပြင် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ ၆ လတာကာလအတွင်း ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများမှ ဝင်ငွေရရှိမှုမှာ ၃ ဒသမ ၆၁ ထရီလီယံယန်းရှိခဲ့ပြီး၊ စံချိန်တင်အများဆုံးဖြစ်ခဲ့သည့်အတွက် ဂျပန်နိုင်ငံ၏ ဝန်ဆောင်မှုလိုငွေမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၃၀ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ ၁ ဒသမ ၃၈ ထရီလီယံယန်းရှိခဲ့ကြောင်း၊ ခရီးသွားဝန်ဆောင်မှုပိုငွေဆိုသည်မှာ ဂျပန်နိုင်ငံသားများမှ ပြည်ပနိုင်ငံများတွင်သုံးစွဲခဲ့သည့်ပမာဏထက် ပြည်ပခရီးသွားဧည့်သည်များမှ ဂျပန်နိုင်ငံတွင်သုံးစွဲခဲ့သည့်ပမာဏမှာ ပိုမိုများပြားခြင်းကိုဆိုလိုခြင်းဖြစ်ကြောင်းနှင့် ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ဂျပန်နိုင်ငံ၏ စာရင်းရှင်စာရင်း ပိုငွေမှာ ၁ ဒသမ ၃၅ ထရီလီယံယန်း ရှိခဲ့ကြောင်း ဖော်ပြထားသည်။ (သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_18082025_15:11

## သီရိလင်္ကာက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ငါးလုပ်ငန်းအပေါ် အထောက်အပံ့ပေးမှုဆိုင်ရာ သဘောတူညီချက်ကို လက်ခံခဲ့ပြီး အဆိုပါသဘောတူညီချက်အသက်ဝင်ရန် ၄ နိုင်ငံသာလိုအပ်

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ငါးလုပ်ငန်းအပေါ် အထောက်အပံ့ပေးမှုဆိုင်ရာ သဘောတူညီချက်အား သီရိလင်္ကာနိုင်ငံက လက်ခံကြောင်းအကြောင်းကြားစာကို သီရိလင်္ကာနိုင်ငံဆိုင်ရာ WTO သံအမတ်ကြီး R.G.S. Wijesekara မှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ ဩဂုတ်လ ၆ ရက်နေ့တွင် ပေးအပ်ခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်က ငါးလုပ်ငန်းအပေါ် အထောက်အပံ့ပေးခြင်းဆိုင်ရာ သဘောတူညီချက်မှတစ်ဆင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများသည် သမုဒ္ဒရာများအတွက် ရေရှည်တည်တံ့သောအနာဂတ်ဖြစ်စေနိုင်ရေး အတူတကွရင်းနှီး

မြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ သီရိလင်္ကာနိုင်ငံက အဆိုပါ သဘောတူညီချက်ကို လက်ခံခဲ့မှုအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ သဘောတူညီချက် အသက်ဝင်ရန် နောက်ထပ် ၄ နိုင်ငံမှ လက်ခံရန်သာ လိုတော့ကြောင်း ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံဆိုင်ရာ WTO သံအမတ်ကြီး Wijesekara က သဘောတူညီချက်ကို လက်ခံနိုင်ခြင်းအတွက် ဝမ်းမြောက်ကြောင်း၊ ငါးလုပ်ငန်းကဏ္ဍသည် သီရိလင်္ကာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက်သာမက ယဉ်ကျေးမှုအမွေအနှစ်များအတွက်လည်း အရေးကြီးကြောင်း၊ အဆိုပါ သဘောတူညီချက်ကို အတည်ပြုခြင်းဖြင့် ပြည်တွင်းဥပဒေများကို ပြန်လည်ချိန်ညှိရန်၊ တရားမဝင်၊ စာရင်းမှတ်ထားခြင်းမရှိ၊ ဥပဒေအရထိန်းကျောင်းခြင်းမရှိသည့် ငါးဖမ်းခြင်းများ (illegal, unreported and unregulated – IUU) အတွက် အထောက်အပံ့များကိုတားမြစ်ရန်နှင့် အလွန်အကျွံ ငါးဖမ်းမှုကို ကာကွယ်ရန်ဖြစ်ကြောင်း၊ သီရိလင်္ကာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အနီးကပ်ပူးပေါင်း၍ ငါးလုပ်ငန်းဆောင်ရွက်သည့် နယ်ပယ်များ၏ စွမ်းဆောင်ရည် တည်ဆောက်နိုင်မည့် ရန်ပုံငွေမှ အကျိုးရလဒ်များ ခံစားနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သဘောတူညီချက် အသက်ဝင်စေရန် WTO အဖွဲ့ဝင်နိုင်ငံများ၏ သုံးပုံနှစ်ပုံဖြစ်သော နိုင်ငံပေါင်း ၁၁၁ နိုင်ငံမှ တရားဝင်လက်ခံရန် လိုအပ်သည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ဂျီနီဗာမြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ ၁၂ ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံ၌ တူညီဆန္ဒဖြင့် သဘောတူညီခဲ့သည့် ငါးလုပ်ငန်းအပေါ် အထောက်အပံ့ပေးမှုဆိုင်ရာ သဘောတူညီချက်သည် ကမ္ဘာတစ်ဝန်းငါးလျော့နည်းလာစေသည့် အထောက်အပံ့ များမပေးရေးအတွက် ကဏ္ဍစုံစည်းမျဉ်းသစ်များ ပြဋ္ဌာန်းထားသည်။ အဆိုပါ သဘောတူညီချက်တွင် တရားမဝင်၊ စာရင်းမှတ်ထားခြင်းမရှိ၊ ဥပဒေအရထိန်းကျောင်းခြင်းမရှိသည့် ငါးဖမ်းခြင်းများ (illegal, unreported and unregulated – IUU) အတွက် အထောက်အပံ့များကို တားမြစ်ခြင်း၊ ငါးလျော့နည်းလာစေသည့် အလွန်အကျွံ ငါးဖမ်းမှုကိုတားမြစ်ခြင်းနှင့် ကမ်းဝေးပင်လယ်ပြင်တွင် စည်းကမ်းလိုက်နာမှုမရှိသော ငါးဖမ်းခြင်းအတွက် အထောက်အပံ့များကို အဆုံးသတ်စေခြင်းတို့ ပါဝင်သည်။

ထို့ပြင် အဆိုပါသဘောတူညီချက်၏ တာဝန်များကို လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDCs) ၏ လိုအပ်ချက်များကို အသိအမှတ်ပြု၍ နည်းပညာဆိုင်ရာ အကူအညီထောက်ပံ့ပေးရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရန် ရန်ပုံငွေတစ်ရပ် ထူထောင်ထားသည်။

အဆိုပါရန်ပုံငွေ (Fish Fund) က သဘောတူညီချက်ကို လက်ခံထားသောဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDC) အဖွဲ့ဝင်များအား သဘောတူညီချက် အကောင်အထည်ဖော်ရာတွင် အထောက်အကူ ဖြစ်စေမည့် စီမံကိန်းများအဆိုပြုရန် ဇွန်လ ၆ ရက်နေ့က ဖိတ်ခေါ်ခဲ့ပါသည်။ လက်ရှိသဘောတူညီချက်ကို အဆင့်မြှင့်တင်ရေးအတွက် ပြင်ဆင်ပြဋ္ဌာန်းလိုသည့် အချက်များ ရရှိနိုင်ရေး အဖွဲ့ဝင်နိုင်ငံများက ဆက်လက်ညှိနှိုင်း လျက်ရှိသည်။ **ရင်းမြစ်။** www.wto.org

Source: https://commerce.gov.mm/my/article/update-news-international-trade/32601

## ရုရှားသည် အင်ဒိုနီးရှားနိုင်ငံသို့ ဓာတ်မြေဩဇာအများဆုံးတင်ပို့သည့် နိုင်ငံဖြစ်လာ

ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း ရုရှားနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံသို့ ဓာတ်မြေဩဇာအများဆုံးတင်ပို့သည့် နိုင်ငံဖြစ်လာခဲ့ပြီး ယခင်နှစ်စာရင်းအရ ဓာတ်မြေဩဇာတင်ပို့မှုတွင် ဦးဆောင်ခဲ့သည့် ကနေဒါနိုင်ငံကို ကျော်တက်သွားခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံစာရင်းအင်းဌာန၏ အချက်အလက်များအပေါ်မူတည်၍ RIA သတင်း ဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ၅ လတာကာလအတွင်း ရုရှားကုမ္ပဏီများသည် အင်ဒိုနီးရှားနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၇၆ ဒသမ ၈ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာများတင်ပို့ခဲ့ပြီး ယင်းသည် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ၇၀ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။ ယင်းသို့သိသာစွာတိုးတက်မှုကြောင့် ရုရှားဓာတ်မြေဩဇာတင်ပို့သူများသည် ကနေဒါမှ ပြိုင်ဘက်များကိုကျော်တက်နိုင်ခဲ့သည်။

ဖော်ပြပါကာလအတွင်း ကနေဒါနိုင်ငံ၏တင်ပို့မှုမှာ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၅ သန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၂၅၇ ဒသမ ၁ သန်းအထိ သုံးပုံတစ်ပုံခန့်တိုးတက်ခဲ့သော်လည်း ရုရှား၏ တိုးတက်မှု နှုန်းထက်နည်းပါးခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသို့ ဓာတ်မြေဩဇာတင်ပို့သည့် ထိပ်ဆုံး ၃ နိုင်ငံစာရင်းတွင် တတိယနေရာသည် တရုတ်နိုင်ငံဖြစ်ပြီး ၎င်း၏တင်ပို့မှုသည် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၆ ရာခိုင်နှုန်းလျော့နည်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၁၈ သန်း အထိသာရှိခဲ့သည်။

၂၀၂၅ ခုနှစ်တွင် ရုရှားနိုင်ငံ၏ ဓာတ်မြေဩဇာထုတ်လုပ်နိုင်မှုသည် တန်ချိန် ၆၅ သန်းအထိ တိုးတက်လာနိုင်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မှုသည် တန်ချိန် ၄၄ သန်းအထိတိုးတက်လာရန်မျှော်မှန်းထားကြောင်းသိရသည်။ ရုရှား၏ ဓာတ်မြေဩဇာ အဓိကတင်ပို့သည့် နိုင်ငံများစာရင်းတွင် အင်ဒိုနီးရှားပါဝင်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ရုရှားကုမ္ပဏီများအတွက် အရေးပါသော မဟာဗျူဟာမိတ်ဖက်နိုင်ငံဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် ရုရှားနှင့်အင်ဒိုနီးရှားနှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံအထိရှိခဲ့သည်။ ရုရှားသည် အင်ဒိုနီးရှားနိုင်ငံသို့ ရေနံနှင့်ရေနံထွက်ကုန်များ၊ သံနှင့်သံမဏိ၊ ဓာတ်မြေဩဇာ၊ ဂျုံအပါအဝင် စိုက်ပျိုးရေးထွက်ကုန်များအဓိကတင်ပို့ပြီး အင်ဒိုနီးရှားမှ စားအုန်းဆီ၊ ရော်ဘာ၊ ကော်ဖီနှင့် စိုက်ပျိုးရေးထွက်ကုန်များ အဓိကတင်သွင်းကြောင်း သိရသည်။ Source : https://ria.ru/20250729/udobreniya-2032061030.html,(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_06082025_15;33

## ပြည်တွင်းကုန်သွယ်မှုသတင်း

### ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေတို့သည် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့နံနက် ၀၉:၃၀ နာရီအချိန်တွင် သီလဝါအထူးစီးပွားရေးဇုန်သို့ ရောက်ရှိ၍ အထူးစီးပွားရေးဇုန်တာဝန်ရှိသူများနှင့် ရင်းနှီးမြှုပ်နှံသူများအား တွေ့ဆုံခဲ့သည်။

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌသည် သီလဝါအထူးစီးပွားရေးဇုန်သို့ ရောက်ရှိစဉ် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက လက်ရှိသီလဝါအထူးစီးပွားရေးဇုန်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခဲ့ရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်က ယခုလိုမိမိတို့အဖွဲ့လာရောက်ခြင်းသည် အထူးစီးပွားရေးဇုန်အတွင်းရှိ လုပ်ငန်းများကောင်းမွန်စွာဆောင်ရွက်နိုင်ရေး အားပေးရန်လာရောက်ခြင်းဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်သည် အောင်မြင်သောစီးပွားရေးဇုန်တစ်ခုဖြစ်ပြီး တိုးတက်မှုရှိပြီးဖြစ်သည့်အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စက်မှုဇုန်အလိုက် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံဝင်ရောက်လာရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး ရင်းနှီးမြှုပ်နှံထားသောကုမ္ပဏီများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ စက်ရုံအချို့တွင် ဆိုလာစွမ်းအင်ထုတ်ယူအသုံးချလျက်ရှိရာ ၆ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်ပြီဖြစ်၍ ကျန်စက်ရုံများကိုလည်း ဆိုလာတပ်ဆင်ပြီး လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲနိုင်ရေး တိုက်တွန်းစေလိုကြောင်း၊ အထူးစီးပွားရေးဇုန်၏ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရေတိုရေရှည်အစီအမံများရေးဆွဲရာတွင် ဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေများအပေါ်မူတည်၍ သုံးသပ်ရေးဆွဲရန်လိုအပ်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက သီလဝါအထူးစီးပွားဇုန်၏ Promotion Zone ရှိ ထုတ်ကုန်ပစ္စည်းအများစုသည် သွင်းကုန်အစားထိုးပစ္စည်းများဖြစ်သဖြင့် ကောင်းမွန်ကြောင်း၊ သို့ရာတွင် ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး၊ ပြည်ပကုန်စည်ပြပွဲများ၌ ပါဝင်ပြသနိုင်ရေး ဆက်စပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အထူးစီးပွားရေးဇုန်၏ ပို့ကုန်သွင်းကုန်တန်ဖိုးအား နှိုင်းယှဉ်ကြည့်ရာ သွင်းကုန်တန်ဖိုးများနေသောကြောင့် တင်သွင်းကုန်များသည် စက်ရုံများ၌ အမှန်တကယ်အသုံးပြုရန်လိုအပ်မည့် ကုန်ကြမ်းပစ္စည်းများဖြစ်ရန် လိုအပ်ကြောင်း၊ စက်မှုဇုန်များတွင် လိုအပ်သောအချို့ပစ္စည်းများကို ပြည်တွင်းအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သောပစ္စည်းများဖြင့် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆက်သွယ်ပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများသည် သီလဝါအထူးစီးပွားရေးဇုန်ရှိ One Stop Service Center (OSSC) ၏ အရည်အသွေးပြည့်ဝစွာဖြင့် ဝန်ဆောင်မှုပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့သည်။

ဆက်လက်၍ ဥက္ကဋ္ဌနှင့်အဖွဲ့သည် Myanmar International Terminals Thilawa (MITT) ဆိပ်ကမ်းသို့ သွားရောက်ခဲ့ရာ MITT အစည်းအဝေးခန်းမ၌ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက ဆိပ်ကမ်းအကောက်အခွန်လုပ်ငန်းများနှင့် ကုန်ပစ္စည်းစစ်ဆေး ဆောင်ရွက်နေမှုများအားလည်းကောင်း၊ MITT ဆိပ်ကမ်းတာဝန်ခံက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း၊ Denko စက်သုံးဆီ ဆိပ်ကမ်းတာဝန်ခံမှ စက်သုံးဆီဆိပ်ကမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုအားလည်းကောင်း အသီးသီးရှင်းလင်းတင်ပြခဲ့ကြပြီး ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်နှင့် တာဝန်ရှိသူအဖွဲ့တို့သည် သီလဝါအထူးစီးပွားရေးဇုန်ရှိ Myanmar International Terminals Thilawa (MITT)ဆိပ်ကမ်းနှင့် Denko စက်သုံးဆီဆိပ်ကမ်းများသို့လည်းကောင်း၊ Wilmar Myanmar Port Terminals (Thilawa) ဆိပ်ကမ်း၌ စားသုံးဆီသိုလှောင်ကန်များသို့လည်းကောင်း၊ သာကေတဆိပ်ကမ်း၌ ကုန်ပစ္စည်းများ ကုန်တင်ကုန်ချဆောင်ရွက်နေမှုတို့အားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

Source: https://commerce.gov.mm/my/article/minister-news/32617

## အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ အရည်အသွေးမြင့် ဝါမျိုးစေ့တင်ပို့နိုင်ရေးနှင့် တန်ဖိုးမြင့်ထောပတ်သီး ထုတ်လုပ်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေး

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁၁:၀၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမ၌ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ အရည်အသွေးမြင့် ဝါမျိုးစေ့တင်ပို့နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးနှင့် ၁၂:၀၀ နာရီတွင် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား တန်ဖိုးမြင့်ထောပတ်သီးထုတ်လုပ်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့နှင့် ကောလ်ကတ္တားမြို့ရှိ စီးပွားရေးသံမှူးများ၊ မြန်မာနိုင်ငံ ဝါနှင့်ဝါထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးတာဝန်ခံနှင့် အိန္ဒိယနိုင်ငံ၊ OOO Farms ကိုယ်စား International Federation of Business Intellectuals and Changemakers (IFBIC) မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဝါမျိုးစေ့နှင့်ပတ်သက်၍ ရာသီဥတုနှင့် ပိုးမွှားဒဏ်ကိုခံနိုင်သော အရည်အသွေးမြင့် ဝါမျိုးစေ့များကို တင်သွင်းရရှိရေး၊ ဝါစိုက်ပျိုးရေးအတွက် အိန္ဒိယနိုင်ငံမှ နည်းပညာအကူအညီပေးနိုင်ရေး၊ အိန္ဒိယနိုင်ငံ၊ IFBIC မှ ကျွမ်းကျင်ပညာရှင်များ မြန်မာနိုင်ငံသို့ ကွင်းဆင်းလာရောက်၍ အကူအညီပေးနိုင်မည့် နည်းလမ်းများ သုတေသနပြု ရှာဖွေဆောင်ရွက်ပေးရေး၊ တောင်သူများလက်လှမ်းမီသည့် ဈေးနှုန်းသက်သာသော ဝါမျိုးစေ့များ တင်သွင်းနိုင်ရေး၊ မြန်မာနိုင်ငံမှ ဝယ်ယူလိုသော ဝါမျိုးစေ့အမည်၊ စိုက်ပျိုးမည့်ဧကများကို ပံ့ပိုးပေးနိုင်ရေး၊ အိန္ဒိယနိုင်ငံ၊ IFBIC မှ မြန်မာနိုင်ငံတွင် ဝါလာရောက်စိုက်ပျိုးပါက အသင်းမှလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် ထောပတ်သီးများ၏ အရည်အသွေးနှင့် ထုတ်လုပ်နိုင်မှုပမာဏကို အိန္ဒိယဘက်သို့ ပံ့ပိုးပေးနိုင်ရေး၊ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံတွင် တန်ဖိုးမြင့်ထောပတ်သီးထုတ်ကုန်များ ထုတ်လုပ် သည့်လုပ်ငန်းများတွင် PPP စနစ်ဖြင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ရေးတို့ကိုဆွေးနွေးခဲ့ပြီး အစည်းအဝေးကို နေ့လယ် ၁၃:၀၀ နာရီတွင် ရုပ်သိမ်းခဲ့သည်။

Source: https://myantrade.gov.mm/article/NPT-

## နှမ်းတန်ချိန် ၂,၀၀၀ ကျော် အရောင်းအဝယ်လုပ်နိုင်ရန် မျှော်မှန်း

မကွေးတိုင်းဒေသကြီးအတွင်း(GAP)စနစ်နဲ့ စိုက်ပျိုးတဲ့နှမ်းတွေကိုတန်ချိန်၂,၀၀၀ကျော်အထိ အရောင်းအဝယ်လုပ်နိုင်ရန်ရည်မှန်းထားကြောင်း တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ညွန့်ကပြောသည်။ မကွေးတိုင်းဒေသကြီးတောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပြီး (GAP)စနစ်နဲ့ စိုက်ပျိုးတဲ့နှမ်းတွေစုပေါင်းရောင်းချပွဲကို နှစ်စဉ်နှစ်တိုင်းပြုလုပ်တာဖြစ်သည်။

စုပေါင်းရောင်းချပွဲမှာ နှစ်စဉ် (GAP)နှမ်းတန်ချိန်ပေါင်း ၁,၀၀၀ ကျော် အရောင်းအဝယ်ပြုလုပ်ပေးနေပြီး ယခုနှစ်တွင်ပိုပြီးရောင်းချနိုင်မည်ဟု မကွေးတိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ညွန့်ကပြောသည်။ GAP ဆိုတာ

စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(Good Agriculture Practices)ကို ဆိုလိုတာဖြစ်ပြီး စိုက်ပျိုးရေးထုတ်ကုန်တွေကို စားသုံးသူတွေ စိတ်ချယုံကြည်စွာ စားသုံးနိုင်ရန် ဈေးကွက်တွင် အာမခံနှင့် ရောင်းချနိုင်ဖို့ ရည်ရွယ်ဆောင်ရွက်တာဖြစ်တယ်လို့ ဆိုပါတယ်။ အခုနှစ် (GAP) မိုးနှမ်းရောင်းချပွဲကို ဩဂုတ် ၁၃ ရက်ကစပြီး မကွေးမြို့၊ သင်ကြားရေးဆေးရုံလမ်းမှာရှိတဲ့ မြင့်မြတ်တော်ဝင် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးစက်ရုံတွင် ရောင်းချပေးနေသည်။

စုပေါင်းရောင်းချပွဲကို စက်တင်ဘာလကုန်အထိ ပြုလုပ်သွားမှာ ဖြစ်သည်။ (GAP)စနစ်နဲ့နှမ်းစိုက်ပျိုးမှု၊ ရောင်းဝယ်မှုကို ၂၀၁၇ ခုနှစ်ကတည်းက စတင်လုပ်ဆောင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာကြောင်းသိရသည်။ ယခုနှစ် (GAP)နှမ်းစုပေါင်းရောင်းချပွဲတွင် (A)အဆင့်သတ်မှတ်ထားသော စမုန်နှမ်းနက်တစ်တင်းလျှင် ၂၆၀,၀၀၀ ကျပ်၊ (A)ဆင့်သတ်မှတ်ထားသော နှမ်းအဖြူ တစ်တင်းလျှင် ၁၀၄,၀၀၀ ကျပ်ဈေးသတ်မှတ်ကာ အရောင်းအဝယ် ပြုလုပ်နေကြောင်း သိရသည်။

Source: https://onenewstvchannel.com/business/market/

## ငါးဈေးကွက်သို့အချိန်အခါမဟုတ် ကန်ဖော်ရောင်းချမှုကြောင့် ပုံမှန်မွေးမြူထုတ်လုပ်ရောင်းချမှုကွင်းဆက် ပြတ်လပ်သွားနိုင်

ငါးဈေးကွက်သို့အချိန်အခါမဟုတ် ကန်ဖော်ရောင်းချမှုကြောင့် ပုံမှန်မွေးမြူထုတ်လုပ်ရောင်းချမှု ကွင်းဆက်ပြတ်လပ်သွားသည့်အပြင် ရေရှည်တွင် ဝယ်ယူစားသုံးမှုကိုလည်း ထိခုက်နိုင်ကြောင်း ရန်ကုန်မြို့ လှိုင်မြို့နယ် ရွှေပိတောက်ငါးဈေးမှ သိရသည်။

ရေငန်ထွက်ကုန် စတင်ဝင်ရောက်ခဲ့သည့် ဇူလိုင်လပထမပတ်မတိုင်မီ ရေချိုထွက်ကုန်များ ဈေးကောင်းခဲ့ပြီး ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးရှိ ငါးကန်များသည် ဈေးကောင်းရရှိခြင်း၊ ဆက်လက်မွေးမြူမှု အစာစရိတ်ချွေတာလိုခြင်းနှင့် ရာသီဥတုကြောင့် ငါးကန်များ ပျက်စီးဆုံးရှုံးမှုကို ရှောင်ရှားလိုခြင်းတို့ကြောင့် အချိန်မရောက်မီ ငါးကန်များကို ဖော်ကြရာ အရွယ်မတိုင်မီငါးများ ရွှေပိတောက် ငါးဈေးနှင့် ဗဟိုစံပြငါးဈေးသို့ ဝင်ရောက်လာခြင်းဖြစ်သည်။

“အရင်လို ဆိုက်ကြီးအရွယ်အထိ မမွေးတော့ဘဲ ဆိုက်သေးတွေ ဈေးကွက်ကို ပို့နေတာကြာပြီ။ သူတို့ အတွက်မြတ်ပြီး အခြားကုန်ကျစရိတ်တွေလည်း လျှော့ချရာရောက်တယ်။ ဒါပေမဲ့ အရင်လိုစားသုံးမှုနဲ့ ထုတ်လုပ်မှုပုံမှန်အတိုင်းလည်ပတ်တော့မှာမဟုတ်တဲ့အတွက် ငါးထုတ်လုပ်မှုကွင်းဆက်ပြတ်သွားနိုင်ပါတယ်။ ပုံမှန်အတိုင်းဆိုရင် ၁၀ လ၊ တစ်နှစ်မွေးပြီးမှ ထုတ်လုပ်တာကို လေး၊ ငါးလနဲ့ ထုတ်ရောင်းလာကြတာပါ။ ပုံမှန်ရာသီအလိုက် မွေးမြူထုတ်လုပ်တာ မဟုတ်တော့တဲ့အတွက် ဈေးကွက်နဲ့ ထုတ်လုပ်မှုကို ထိခိုက်နိုင်တယ်။ ပုံမှန်အချိန်မဟုတ်ဘဲ ကန်ဖော်ရောင်းချပြီး ပြန်မွေးရတာကြောင့် ရာသီအလိုက် ဈေးကွက်ထဲကိုဝင်နေတဲ့ ငါးဝင်ရောက်မှုလည်း ပျက်သွားနိုင်တယ်” ဟု ရွှေပိတောက်ငါးဈေးသာယာရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးအေးကို ကပြောသည်။

ငါးဈေးကွက်သို့ ဆိုက်သေးငါးများ ဝင်ရောက်မှုများလာခြင်းကြောင့် ပြည်ပပို့ကုန်ဆိုက်ကြီးမွေးမြူမှု ၂၀ ရာခိုင်နှုန်းကျော် လျော့ကျလာကြောင်း၊ ငါးဆိုက်အသေးများကန်ဖော်၍ ၄/၅ လက်မအရွယ် မျိုးငါးများ ပြန်လည်စိုက်ထည့်ရာတွင် ဝယ်မရခြင်းနှင့် ဈေးနှုန်းမြင့်တက်ခြင်းတို့ကြောင့် ငါးမွေးမြူမှုလျော့ကျလာခြင်းသည် ငါးဈေးနှုန်းအမြင့်ဈေးတွင် ရပ်တန့်နေမှုကို ဖြစ်စေသည့်အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

ရွှေပိတောက်ငါးဈေးသို့ ယခင်က တစ်ရက်လျှင် ရေထွက်ကုန်ပိဿာချိန် ၅ သိန်းဝင်ရောက်ခဲ့ရာမှ ယခုအခါ ကုန်ချိန် ၃ သိန်းခန့်သာ ဝင်ရောက်လျက်ရှိရာ ရင်းနှီးမတည်ငွေ မြင့်မားလာမှုကြောင့် ကုန်ချိန် ၁၀၀ ရောင်းချရာမှ ကုန်ချိန် ၃၀ သို့ လျှော့ချရောင်းချခြင်းနှင့် လက်ကားရောင်းချရာ မြို့နယ်ဈေးများ၌ ငါးဈေးနှုန်းကိုမြှင့်၍ ရောင်းချမှုသည်လည်း စားသုံးသူဈေးကွက်နှင့် မွေးမြူထုတ်လုပ်မှုကို ထိခိုက်လာနိုင်ကြောင်းနှင့် ရေထွက်ကုန်ဝင်ရောက်မှု လျော့ကျမှုကြောင့် ဝယ်လိုအားများလာမှုကို ကုစားနိုင်ရန် ငါးသေးဆိုက်များ ထုတ်လုပ်ရောင်းချမှုသည် ရေရှည်တွင် ရေထွက်ကုန်ပုံမှန်လည်ပတ်မှုကို ထိခိုက်နိုင်၍ ထုတ်လုပ်ရောင်းချမှု ကွင်းဆက်ကိုလည်း ပြတ်သွားနိုင်ကြောင်း ရွှေပိတောက်ငါးဈေးမှ ရေထွက်ကုန်ဖြန့်ချိသော လုပ်ငန်းရှင်များက သုံးသပ်ထားသည်။ Source: မြန်မာ့အလင်းသတင်းစာ

## ပြည်ပကုန်သွယ်မှုသတင်း

### အခွန်လွတ်ပြောင်းတင်ပို့ခွင့် ကုန်ဆုံးတော့မည်ဖြစ်သည့်အတွက် ပြောင်းဈေးကျလာ

ထိုင်းအစိုးရ၏ အခွန်လွတ်ပြောင်းတင်ပို့ခွင့် ကုန်ဆုံးတော့မည်ဖြစ်သည့်အတွက် ဈေးကွက်အတွင်း ပြောင်းဈေးကျလာကြောင်း ပြောင်းလုပ်ငန်းရှင်များ၏ပြောပြချက်အရ သိရသည်။

ထိုင်းနိုင်ငံသို့ ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ အခွန်ကင်းလွတ်ခွင့်ဖြင့် ပြောင်းများကိုတင်ပို့နေခြင်းဖြစ်သည်။ ပြောင်းတင်ပို့မှုအနေဖြင့် ယခုနှစ် ပြောင်းရာသီတွင် ထိုင်းကို ပြောင်းတန်ချိန် တစ်သန်းကျော် တင်ပို့နိုင်မည်ဟု ခန့်မှန်းထားပြီး ရန်ကုန်ဆိပ်ကမ်းနှင့် တာချီလိတ်နယ်စပ်ဂိတ်မှတစ်ဆင့် တင်ပို့ခြင်းဖြစ်ကြောင်း သိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်တွင် ဇူလိုင်လ ၁ ရက်နေ့၌ ပြောင်းဆန်တစ်ပိဿာ ၁၇၃၀၊ ၁၇၅၀ ကျပ်ဈေးရှိခဲ့ရာမှ ဩဂုတ်လ ၁၅ ရက်နေ့တွင် ပြောင်းဆန်တစ်ပိဿာ ၁၆၃၀၊ ၁၆၅၀ ကျပ်အထိ ဈေးကျသွားကြောင်း၊ ထို့ပြင် ပြောင်း FOB (YGN) ဈေးနှုန်းသည်လည်း ဇူလိုင်လ ၁ ရက်နေ့တွင် တစ်တန်ကို အမေရိကန် ဒေါ်လာ ၂၇၀ အထိ ရရှိခဲ့ပေမဲ့ ဩဂုတ်လ ၁၅ ရက်နေ့တွင် တစ်တန်ဈေး ဒေါ်လာ ၂၅၀ အထိ ကျဆင်းလာ ကြောင်း သိရသည်။

မြန်မာတစ်နိုင်လုံးတွင် စုစုပေါင်းပြောင်းစိုက်ဧက ၂ သန်းကျော်ရှိပြီး ပြောင်းထုတ်လုပ်မှုအနေဖြင့် မက်ထရစ်တန်ချိန် ၃ ဒသမ ၂ သန်းခန့် ထွက်ရှိကာ တန်ချိန် ၂ ဒသမ ၂ သန်းကို ပြည်ပသို့တင်ပို့၍ လက်ကျန် တန်ချိန် ၁ သန်းခန့်ကို ပြည်တွင်း၌ သုံးစွဲကြောင်းသိရသည်။ Source: https://www.popularmyanmar.com/

### ငွေကျပ်တစ်ထောင်ကို ရုရှားရူဘယ် ၃၇ ဒသမ ၉ နှင့်ညီမျှကြောင်း ရုရှားဗဟိုဘဏ်သတ်မှတ်

ရုရှားဖက်ဒရေးရှင်းဗဟိုဘဏ်က မြန်မာ့ငွေကြေးကို တရားဝင်နိုင်ငံခြားငွေကြေးအဖြစ်သတ်မှတ်လိုက်ပြီး ရုရှားဗဟိုဘဏ်က ထုတ်ပြန်တဲ့နိုင်ငံခြားငွေလဲဈေးကွက်မှာ မြန်မာကျပ်ငွေပါဝင်လာသည်။ ရုရှားဗဟိုဘဏ်၏ နိုင်ငံခြားငွေကြေးဈေးကွက်တွင် ဩဂုတ်လ ၁၀ ရက်က မြန်မာကျပ်ငွေ တစ်ထောင်ကို ရုရှားငွေကြေး ရူဘယ် ၃၇ ဒသမ ၉၉၀၃ နှင့်ညီမျှတယ်ဟု သတ်မှတ်ထားကြောင်း သိရသည်။

မြန်မာကျပ်ငွေက ရုရှားဗဟိုဘဏ်ရဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းစာရင်းမှာ ဇူလိုင်လ ၁၂ ရက်ကစတင် ပါဝင်လာတာဖြစ်သည်။ ရုရှားဗဟိုဘဏ်အနေနဲ့ သက်ဆိုင်ရာနိုင်ငံခြားငွေကို ဝယ်ယူရန် သို့မဟုတ် ရောင်းချရန် တာဝန်မယူဘဲ ရုရှားငွေကြေးရူဘယ်နှင့် နှိုင်းယှဉ်ဖို့ နိုင်ငံခြားငွေလဲနှုန်းထားတွေကို သတ်မှတ်ပေးတာဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ မြန်မာ့ငွေကြေးကို တရားဝင်ငွေကြေးအဖြစ် သတ်မှတ်လိုက်တဲ့အတွက် မြန်မာနဲ့ ရုရှားနိုင်ငံအကြားကုန်သွယ်သည့်အခါ ကျပ်နှင့် ရူဘယ်ကို တိုက်ရိုက်ပေးချေနိုင်မှာဖြစ်တယ်လို့ စီးပွားရေးလုပ်ငန်းရှင်တချို့ကဆိုသည်။ မြန်မာနိုင်ငံအနေနှင့် ငွေပေးချေမှုရပ်ဝန်း ပိုမိုကျယ်ပြန့်စေရန်အတွက် ယွမ် – ကျပ် ၊ ဘတ် – ကျပ် ၊ ရူပီ – ကျပ် ၊ ရူဘယ် – ကျပ် ပေးချေနိုင်ရန်ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံက MIR Payment System ကတ်ကို မြန်မာနိုင်ငံမှာ အသုံးပြုပြီး တိုက်ရိုက် ငွေပေးချေမှုတွေ ဆောင်ရွက်နိုင်ကြောင်းလည်း သိရသည်။ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ကုန်သွယ်မှုမြှင့် တင်နိုင်ဖို့ကိုလည်း နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။

Source: https://onenewstvchannel.com/business/finance/

## အထူးဆောင်းပါးများ

### အိန္ဒိယပုစွန်တင်ပို့သူများက အမေရိကန်၏ အခွန်သက်ရောက်မှုကိုကာမိစေရန် အစိုးရ၏မက်လုံးပေး အကူအညီများအားတောင်းခံ

အိန္ဒိယနိုင်ငံ၏အကြီးဆုံးပင်လယ်စာဈေးကွက်ဖြစ်သည့် အမေရိကန်ပြည်ထောင်စုသို့ပုစွန်တင်ပို့မှုအပေါ် ၅၀ ရာခိုင်နှုန်း တန်ပြန်သွင်းကုန်ခွန်ကောက်ခံမှုက အဆိုပါကဏ္ဍအပေါ် ထိခိုက်နစ်နာစေမည်ဖြစ်ရာ၊ သက်ဆိုင်သူများက အစိုးရ၏ ကြားဝင်

ဆောင်ရွက်မှုများမှတစ်ဆင့် အခြေအနေကိုကျော်လွှားနိုင်ရန် အကူအညီများတောင်းခံခဲ့ကြောင်းသိရသည်။ အိန္ဒိယအစိုးရ၏ အတိုးနှုန်းညီမျှစေရေးအစီအစဉ် (Interest equalisation scheme)ပြန်လည်စတင်ခြင်းနှင့် ပို့ကုန်အများအပေါ် ကျခံထားသည့် အခွန်အခများ ပြန်လည်လျှော့ကျထားရယူခွင့်အစီအစဉ်(The Remiss ion of Duties and Taxes on Exported Products–RoDTEP scheme)အောက်ရှိ မက်လုံးများကို တိုးမြှင့်ပေးခြင်းကဲ့သို့သော အစီအစဉ်များကို ပြန်လည်သုံးသပ်ပေးရန် တောင်းဆိုခဲ့ကြကြောင်း The Hindu Businessline သတင်းဌာနက ဩဂုတ်လ ၇ ရက်နေ့တွင် ဖော်ပြခဲ့သည်။

သက်ဆိုင်သူများက ၎င်းတို့၏ စိုးရိမ်ပူပန်မှုများထုတ်ဖော်ပြောကြားရာတွင် အိန္ဒိယပင်လယ်စာပို့ကုန် လုပ်ငန်းရှင်များအသင်း(Seafood Exporters Association of India–SEAI)က ဤမျှမြင့်မားသော အခွန်နှုန်းထားဖြင့် မည်သည့်ဈေးကွက်ကိုမှ ကုန်ပစ္စည်းများတင်ပို့ရန်မဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ အဆိုပါလုပ်ရပ်သည် အိန္ဒိယ ပင်လယ်စာကဏ္ဍအတွက် အဆိုပါနိုင်ငံ၌ တည်ရှိနေသောခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၃ ဘီလီယံတန်ဖိုးရှိ ဈေးကွက်ကို အန္တရာယ်ဖြစ်စေသည်ဟု SEAI ၏ အထွေထွေ အတွင်းရေးမှူး K.N. Raghvan က ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုမှ ကျင့်သုံးလျက်ရှိသည့် မတူညီသောအခွန်နှုန်းထားစနစ် (Differential tariff system)သည် နိုင်ငံအသီးသီးအား မတူညီသော အခွန်နှုန်းထားများကို ကမ်းလှမ်းထားရာ၊ ၎င်းသည် အိန္ဒိယပင်လယ်စာကဏ္ဍကို သိသိသာသာ နစ်နာစေကြောင်း၊ အိန္ဒိယ၏ အဓိကပြိုင်ဘက်များမှာ အခွန်နှုန်းထား ၁၅ ရာခိုင်နှုန်းရှိသော အီကွေဒေါ်နိုင်ငံဖြစ်ပြီး၊ အင်ဒိုနီးရှား ၁၉ ရာခိုင်နှုန်းနှင့် ဗီယက်နမ် ၂၀ ရာခိုင်နှုန်းတို့က နောက်မှလိုက်လျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် အဆိုပါနိုင်ငံများမှ အမေရိကန်ပြည်ထောင်စုသို့ ပင်လယ်စာတင်ပို့ရာတွင် အိန္ဒိယနိုင်ငံထက်ကြီးမားသော "အကောက်ခွန်ဆိုင်ရာအားသာချက်" ကို ရရှိစေသည်ဟု Raghavan က ပြောကြားခဲ့သည်။

SEAI အနေဖြင့် အိန္ဒိယပင်လယ်စာထွက်ကုန်များအတွက် အခြားဈေးကွက်များကို ရှာဖွေလျက်ရှိသော်လည်း လက်ရှိရင်ဆိုင်နေရသော ခက်ခဲသောအခြေအနေကိုကျော်လွှားနိုင်ရန် အစိုးရ၏အကူအညီကို တောင်းခံခဲ့ခြင်းဖြစ်သည်။ ထုတ်လုပ်မှုယူနစ်များတွင် လုပ်ငန်းများမရပ်မနား ဆက်လက်လုပ်ဆောင်နိုင်ရန်နှင့် ဝယ်ယူမှုများအနှောင့်အယှက်မရှိ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ယင်းသို့အကူအညီတောင်းခံရခြင်းဖြစ်ကြောင်း သိရသည်။ “အမေရိကန်ပြည်ထောင်စုသို့ ပင်လယ်စာ ဆက်လက်တင်ပို့မှုကို လွယ်ကူချောမွေ့စေမဲ့ အမြန်ဆုံးဖြေရှင်းချက်တစ်ခု ထွက်ပေါ်လာမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်” ဟု ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယမွေးမြူရေးအစာစပ်လုပ်ငန်းရှင်များအသင်း(Compound Livestock Feed Manufacturers Association–CLFMA)၏ဥက္ကဋ္ဌ Divya Kumar Gulati က “အိန္ဒိယ မွေးမြူရေးနှင့် ပင်လယ်စာပို့ကုန်များအပေါ် အမေရိကန်ပြည်ထောင်စုက ၅၀ ရာခိုင်နှုန်းအကောက်ခွန်စည်းကြပ်မှုဟာ ဒီကဏ္ဍအတွက် ကြီးမားတဲ့ထိခိုက်နစ်နာမှုပါပဲ။ ဒီအခွန်တွေက ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်စွမ်းကိုထိခိုက်စေရုံသာမကဘဲ အထူးသဖြင့်ရေလုပ်ငန်းနဲ့ တိရစ္ဆာန်ပရိုတင်းထုတ်လုပ်မှုက အရေးပါတဲ့ကမ်းရိုးတန်းနဲ့ကျေးလက်စီးပွားရေးတွေက အသက်မွေးဝမ်းကြောင်း လုပ်ငန်းတွေကိုပါထိခိုက်စေပါတယ်။ ဒီသက်ရောက်မှုကို လျှော့ချဖို့အတွက် RoDTEP လိုမျိုးအစီအစဉ်တွေအောက်မှာ ပို့ကုန်မက်လုံးတွေကိုချဲ့ထွင်ပြီး ပြန်လည်ချိန်ညှိဖို့၊ ထိခိုက်နစ်နာတဲ့ကဏ္ဍတွေအတွက် WTO–စည်းမျဉ်းများကို လိုက်နာမှုရှိတဲ့ ပိုမိုမြင့်မားတဲ့ လျှော့ဈေးတွေပေးအပ်ဖို့ အစိုးရကို ကျွန်တော်တို့ တိုက်တွန်းပါတယ်”ဟု ပြောကြားခဲ့သည်။ “ပို့ကုန်လုပ်ငန်းရှင်တွေ၊ အထူးသဖြင့်အသေးစားနဲ့အလတ်စားလုပ်ငန်းတွေအတွက် ချေးငွေရရှိမှုလွယ်ကူစေဖို့နဲ့ ငွေကြေးကုန်ကျစရိတ်တွေလျှော့ချနိုင်ဖို့ Interest Equalisation Scheme(IES)ကို ပြန်လည်စတင်ဖို့ ကျွန်တော်တို့အကြံပြုပါတယ်” ဟု ၎င်းက ပြောကြားခဲ့သည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စုအပေါ် မှီခိုမှုကို လျှော့ချရန်အတွက် အရှေ့အာရှ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကကဲ့သို့သော ဖွံ့ဖြိုးဆဲဒေသများသို့ ဈေးကွက်ဝင်ရောက်ခွင့်ကို လွယ်ကူချောမွေ့စေခြင်းဖြင့် ဈေးကွက်ကွဲပြားမှု (Market diversification)ကို တက်ကြွစွာမြှင့်တင်ရမည်ဟု Gulati က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ယင်းသို့တိုးမြှင့်ခွန် ၅၀ ရာခိုင်နှုန်းအပြင် ပင်လယ်စာပို့ကုန်များအပေါ် စည်းကြပ်ကောက်ခံသည့် တန်ပြန်အခွန်(Counter vailing duty) ၅ ဒသမ ၇၇ ရာခိုင်နှုန်းနှင့် စုပုံတင်ပို့မှုတန်ပြန်သည့် အခွန်များ(Anti–dumping duties) ထပ်ဆောင်းပေးဆောင်ရမည်ဖြစ်ကြောင်းသိရသည်။ Seafood Exporters Association of India အနေဖြင့် အဆိုပါတိုးမြှင့်

အခွန်များ၏ ဝန်ထုပ်ဝန်ပိုးကို ပို့ကုန်လုပ်ငန်းရှင် များအပေါ် ကျခံစေမည်မဟုတ်ဘဲ အမေရိကန်ပြည်ထောင်စုရှိ ဝယ်လက်များထံ လွှဲပြောင်းပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

InCred Equities မှ လေ့လာသုံးသပ်သူ Nitin Awasthi က ကမ္ဘာလုံးဆိုင်ရာ ရောင်းလိုအား အခြေအနေ တင်းကျပ်လာခြင်းနှင့် ပြည်တွင်းအခြေခံအုတ်မြစ်များ ခိုင်မာလာခြင်းတို့ကြောင့် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ပုစွန်ပို့ကုန်ကဏ္ဍတွင် ထိပ်တန်းပြိုင်ဘက်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ နိုင်ငံအနေဖြင့် ရေတိုအခက်အခဲသည် ရှိနေသော်လည်း ရေရှည်အလားအလာမှာ မပြောင်းလဲသေးဟု ၎င်းက ပြောကြားခဲ့သည်။

Source: The Hindu Businessline, Indian shrimp exporters seek incentives to offset tariff impact, August 7, 2025 , (ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_13082025_14:54

## ရုရှားနိုင်ငံထံမှရေနံဝယ်ယူခြင်းကြောင့် အိန္ဒိယနိုင်ငံအပေါ် သွင်းကုန်ခွန်များချမှတ်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံကထုတ်ပြန်

အမေရိကန်သမ္မတက အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံထံမှ ရေနံများကို ဝယ်ယူတင်သွင်းလျက်ရှိခြင်းအပေါ် သွင်းကုန်ခွန်များချမှတ်ရန်နှင့်ပတ်သက်သည့် “ရုရှားအစိုးရ၏ အမေရိကန်နိုင်ငံအပေါ် ခြိမ်းခြောက်မှုများကို ဖော်ထုတ်ခြင်း(Addressing Threats to the United States by the Government of the Russian Federation)” သမ္မတအမိန့်ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်တွင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။ အဆိုပါ သမ္မတအမိန့်အရ အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံမှ ရေနံများကို ဆက်လက်ဝယ်ယူလျက်ရှိခြင်းကြောင့် သွင်းကုန်ခွန်များချမှတ်ရန်နှင့် ရုရှားနိုင်ငံမှ ရေနံကို တိုက်ရိုက် သို့မဟုတ် တစ်ဆင့်ခံ ဝယ်ယူတင်သွင်းလျက်ရှိသည့်နိုင်ငံများအပေါ် အလားတူသွင်းကုန်ခွန်များချမှတ်နိုင်ရေး လုပ်ငန်းစဉ်တစ်ရပ် တည်ထောင်သွားရန်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံမှ ရေနံကို လက်ရှိတွင်တင်သွင်းလျက်ရှိကြောင်း၊ ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံအပေါ် အရေးယူမှုများကြောင့် ဖြစ်ပေါ်လျက်ရှိသည့် အမျိုးသားအရေးပေါ်အခြေအနေများကို ဖော်ထုတ်နိုင်ရန်အလို့ငှာ အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံမှရေနံကို တိုက်ရိုက် သို့မဟုတ် တစ်ဆင့်ခံဝယ်ယူလျက်ရှိခြင်းကြောင့် ထပ်တိုးသွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းကို အမေရိကန်သမ္မတက ချမှတ်ခဲ့ခြင်းဖြစ်ပြီး ယင်းသို့ကောက်ခံမှုသည် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်မှစ၍ အသက်ဝင်မည်ဖြစ်ကြောင်း၊ ၁၉၆၂ ခုနှစ်၊ ကုန်သွယ်ရေးတိုးချဲ့မှုအက်ဥပဒေ(Trade Expansion Act of 1962)၏ပုဒ်မ ၂၃၂ အောက်တွင် လက်ရှိ သို့မဟုတ် နောင်ပြဋ္ဌာန်းမည့် အရေးယူဆောင်ရွက်မှုများအရမဟုတ်လျှင် အခြားအကောက်ခွန်၊ အခကြေးငွေ၊ အခွန်နှင့် အခြားကျသင့်သည့်အခွန်အခများတွင် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းကို ထပ်တိုးကောက်ခံမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂ ရက်တွင် ချမှတ်ခဲ့သည့် သမ္မတအမိန့်(Executive Order, E.O 14257)နှင့် ယင်းကိုပြင်ဆင်သည့်အမိန့်များနှင့်အညီ ကောက်ခံမည့် သွင်းကုန်ခွန်တွင် ယခုချမှတ်သည့်သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းကို ထပ်တိုးကောက်ခံမည်ဖြစ်သော်လည်း (E.O 14257)ပါ နောက်ဆက်တွဲ(၂)တွင်ဖော်ပြထားသည့်ပစ္စည်းများသည် ဤသမ္မတအမိန့်အရ ကောက်ခံမည့် သွင်းကုန်ခွန်ကျသင့်မည်မဟုတ်ကြောင်း၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးသည် နိုင်ငံခြားရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးနှင့် အခြားအဆင့်မြင့်အရာရှိများနှင့်ပူးပေါင်း၍ ရုရှားနိုင်ငံ၏ရေနံကို တိုက်ရိုက် သို့မဟုတ် တစ်ဆင့်ခံ ဝယ်ယူတင်သွင်းလျက်ရှိသည့် နိုင်ငံများကိုသတ်မှတ်လျက် သမ္မတက လိုအပ်သကဲ့သို့အရေးယူမှုများပြုလုပ်နိုင်ရေး အကြံပြုတင်ပြရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားရေးမူဝါဒများအပေါ် ခြိမ်းခြောက်မှုများ ဖြစ်စေသဖြင့် အမျိုးသားအရေးပေါ်အခြေအနေကိုဖော်ထုတ်ရန် ခိုင်မာသည့်အစီအမံများ ချမှတ်ရန်လိုအပ်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံ၏အန္တရာယ်ဖြစ်စေသည့် လုပ်ဆောင်ချက်များအပေါ်တုံ့ပြန်သည့် အမေရိကန်နိုင်ငံ၏ ကြိုးပမ်းမှုများကို အိန္ဒိယအနေဖြင့် ရုရှားမှရေနံဝယ်ယူတင်သွင်းခြင်းက အဟန့်အတားများဖြစ်စေကြောင်း၊ အိန္ဒိယနိုင်ငံသည် ရေနံဝယ်ယူ၍ ဈေးကွက်များတွင် ပြန်လည်ရောင်းချလျက်ရှိရာ ရုရှားနိုင်ငံက ကျူးကျော်ရန်စမှုများပြုလုပ်နိုင်ရန် ၎င်း၏စီးပွားရေးကို အထောက်အပံ့ဖြစ်စေသည့် အကျိုးအမြတ်များ သိသာစွာရရှိကြောင်း၊ ထို့ကြောင့် ရေနံဝယ်ယူခြင်းဖြင့် ရုရှားနိုင်ငံ၏ စီးပွားရေးကိုအထောက်အပံ့ပြုနေသည့် နိုင်ငံများအပေါ် သွင်းကုန် ခွန် ၂၅ ရာခိုင်နှုန်းချမှတ်ခြင်းဖြင့် အမေရိကန်နိုင်ငံက ဟန့်တားမှုများပြုလုပ်ခြင်းဖြစ်ကြောင်း

သိရသည်။ အိန္ဒိယနိုင်ငံအပေါ် ယခုချမှတ်သည့် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းသည် ယခင်ချမှတ်ခဲ့သည့် သွင်းကုန်ခွန်များနှင့် ထည့်ပေါင်းပါက အိန္ဒိယနိုင်ငံအပေါ် ချမှတ်သည့် သွင်းကုန်ခွန်သည် ၅၀ ရာခိုင်နှုန်းရှိလာမည်ဖြစ်သည်။

Source: The New York Times

https://www.nytimes.com/live/2025/08/04/us/trump-news/india-signals-no-intention-of-pulling-back-on-russian-oil-despite-us-pressure?smid=url-share

(ခင်ဆွေဦး၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_08082025_14:36

## ကုန်သွယ်မှုအခြေအနေ

### ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၅၊ ဩဂုတ်လအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၂.၉.၂၀၂၅) ထိ

| မြို့နယ် | ရောဝတီ ပေါ်ဆန်း |
|---|---|
| ဖျာပုံ | 120000-125000 |
| မြောင်းမြ | 120000-125000 |
| ဒေးဒရဲ | 120000-125000 |
| ဝါးခယ်မ | 115000-120000 |
| ဘိုကလေး | 115000-120000 |
| မော်လမြိုင်ကျွန်း | 115000-120000 |
| လပွတ္တာ | 115000-120000 |
| ကျိုက်လတ် | 115000-120000 |
| ဘုရင့်နောင် | 150000-155000 (ရွှေဘိုပေါ်ဆန်း) |

**Source: MRF**

### ၂၀၂၅၊ ဩဂုတ်လ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 4.8.2025 | 1650-2050 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 |
| 2 | 11.8.2025 | 1650-2050 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 |
| 3 | 18.8.2025 | 1650-2050 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 |
| 4 | 25.8.2025 | 1650-2050 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 |

**Source: MRPPA**

## ၂၀၂၅၊ ဩဂုတ်လအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွဲနီ(ရှယ်)(သစ်) | | | ညှော်မထ 25% အကြမ်း | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 2 | 4.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 3 | 5.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 4 | 6.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 5 | 7.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 6 | 8.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 7 | 11.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 8 | 12.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 9 | 13.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 10 | 14.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 11 | 15.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 12 | 18.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 13 | 19.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 14 | 20.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 15 | 21.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 16 | 22.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 17 | 25.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 18 | 26.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 19 | 27.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 20 | 28.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 21 | 29.8.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |

**Source:** Myanmar Rice

## ၂၀၂၅၊ ဩဂုတ်လ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.8.2025 | 2100.0 | 64.01 | 291.28 | 1618.06 | 24.02 | 1394.79 |
| 2 | 4.8.2025 | 2100.0 | 64.65 | 292.56 | 1630.24 | 23.95 | 1418.58 |
| 3 | 5.8.2025 | 2100.0 | 64.84 | 292.20 | 1629.55 | 23.92 | 1422.91 |
| 4 | 6.8.2025 | 2100.0 | 64.84 | 292.10 | 1631.07 | 23.95 | 1420.89 |
| 5 | 7.8.2025 | 2100.0 | 64.99 | 292.56 | 1636.53 | 23.94 | 1426.34 |
| 6 | 8.8.2025 | 2100.0 | 64.94 | 292.37 | 1635.07 | 23.94 | 1424.21 |
| 7 | 11.8.2025 | 2100.0 | 64.86 | 292.41 | 1634.94 | 23.96 | 1423.49 |
| 8 | 12.8.2025 | 2100.0 | 64.66 | 292.04 | 1631.96 | 23.94 | 1414.81 |
| 9 | 13.8.2025 | 2100.0 | 65.09 | 292.68 | 1641.07 | 23.99 | 1426.39 |
| 10 | 14.8.2025 | 2100.0 | 64.85 | 292.74 | 1639.54 | 23.97 | 1433.20 |
| 11 | 15.8.2025 | 2100.0 | 64.75 | 292.42 | 1637.62 | 24.00 | 1429.40 |
| 12 | 18.8.2025 | 2100.0 | 64.68 | 292.55 | 1637.30 | 24.04 | 1424.74 |
| 13 | 19.8.2025 | 2100.0 | 64.61 | 292.47 | 1636.28 | 24.15 | 1420.94 |
| 14 | 20.8.2025 | 2100.0 | 64.55 | 292.53 | 1633.42 | 24.13 | 1422.86 |
| 15 | 21.8.2025 | 2100.0 | 64.43 | 292.58 | 1632.46 | 24.10 | 1422.76 |
| 16 | 22.8.2025 | 2100.0 | 64.33 | 292.53 | 1629.42 | 23.99 | 1412.90 |
| 17 | 25.8.2025 | 2100.0 | 64.74 | 293.50 | 1637.04 | 23.98 | 1426.00 |
| 18 | 26.8.2025 | 2100.0 | 64.69 | 293.32 | 1632.97 | 23.96 | 1423.20 |
| 19 | 27.8.2025 | 2100.0 | 64.67 | 293.25 | 1629.74 | 23.90 | 1420.17 |
| 20 | 28.8.2025 | 2100.0 | 64.91 | 294.40 | 1634.94 | 23.96 | 1427.65 |
| 21 | 29.8.2025 | 2100.0 | 64.86 | 294.51 | 2635.13 | 23.89 | 1427.89 |

Source: Central Bank of Myanmar

## ၂၀၂၅၊ ဩဂုတ်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2024 | 2025 | | (□□□□□□) | | |
| 1 | 1.8.2025 | 3023000 | 2804000 | – | 4488800 | 2792500–2902700 | 2685300 |
| 2 | 4.8.2025 | 3024000 | 2785000 | – | 4488800 | 2792500–2902700 | 2685300 |
| 3 | 5.8.2025 | 3018000 | 2770000 | – | 4488800 | 2792500–2902700 | 2685300 |
| 4 | 6.8.2025 | 3007000 | 2755000 | – | 4488800 | 2792500–2902700 | 2685300 |
| 5 | 7.8.2025 | 3013000 | 2775000 | – | 4488800 | 2792500–2902700 | 2685300 |
| 6 | 8.8.2025 | 3010000 | 2770000 | – | 4488800 | 2792500–2902700 | 2685300 |
| 7 | 11.8.2025 | 2998000 | 2752000 | – | 4488800 | 2792500–2902700 | 2685300 |
| 8 | 12.8.2025 | 2975000 | 2715000 | – | 4488800 | 2792500–2902700 | 2685300 |
| 9 | 13.8.2025 | 2974000 | 2716000 | – | 4488800 | 2792500–2902700 | 2471000 |
| 10 | 14.8.2025 | 2990000 | 2717000 | – | 4488800 | – | 2471000 |
| 11 | 15.8.2025 | 2983000 | 2705000 | – | 4488800 | 2792500–2902700 | 2471000 |
| 12 | 18.8.2025 | 2978000 | 2668000 | – | 4488800 | – | 2471000 |
| 13 | 19.8.2025 | 2972000 | 2650000 | – | 4488800 | – | 2471000 |
| 14 | 20.8.2025 | 2976000 | 2627000 | – | 4488800 | 2792500–2902700 | 2471000 |
| 15 | 21.8.2025 | 2972000 | 2636000 | – | 4488800 | 2792500–2902700 | 2471000 |
| 16 | 22.8.2025 | 2951000 | 2620000 | – | 4488800 | – | 2471000 |
| 17 | 25.8.2025 | 2892000 | 2564000 | – | 4488800 | 2792500–2847600 | 2471000 |
| 18 | 26.8.2025 | 2884000 | 2530000 | – | 4488800 | 2792500–2847600 | 2360800 |
| 19 | 27.8.2025 | 2885000 | 2520000 | – | 4488800 | 2792500–2847600 | 2360800 |
| 20 | 28.8.2025 | 2880000 | 2520000 | – | 4488800 | 2792500–2847600 | 2360800 |
| 21 | 29.8.2025 | 2884000 | 2522000 | | 4488800 | 2737400–2795600 | 2360800 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၅၊ ဩဂုတ်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 1.8.2025 | 3790700–4335700 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |
| 2 | 4.8.2025 | 3790700–4501100 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |
| 3 | 5.8.2025 | 3790700–4501100 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |
| 4 | 6.8.2025 | 3790700–4501100 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |
| 5 | 7.8.2025 | 3790700–4501100 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |
| 6 | 8.8.2025 | 3790700–4501100 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |
| 7 | 11.8.2025 | 3790700–4501100 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |
| 8 | 12.8.2025 | 3790700–4501100 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |
| 9 | 13.8.2025 | 3790700–4335700 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |
| 10 | 14.8.2025 | 3790700–4501100 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |
| 11 | 15.8.2025 | 4008100–4446000 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |
| 12 | 18.8.2025 | 4008100–4446000 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |
| 13 | 19.8.2025 | 4008100–4446000 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |
| 14 | 20.8.2025 | 4008100–4446000 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |
| 15 | 21.8.2025 | 4008100–4446000 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |
| 16 | 22.8.2025 | 4008100–4446000 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |
| 17 | 25.8.2025 | 4118300–444600 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |
| 18 | 26.8.2025 | 4118300–444600 | 2651600–2807800 | 2296500–2400600 | 3521200–3625300 | 998200–1010400 |
| 19 | 27.8.2025 | 4118300–444600 | 2651600–2807800 | 2296500–2400600 | 3521200–3625300 | 998200–1010400 |
| 20 | 28.8.2025 | 4118300–444600 | 2651600–2807800 | 2296500–2400600 | 3521200–3625300 | 998200–1010400 |
| 21 | 29.8.2025 | 4118300–444600 | 2651600–2807800 | 2296500–2400600 | 3521200–3625300 | 998200–1010400 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၅၊ ဩဂုတ်လအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.8.2025 to 8.8.2025 | 11.8.2025 to 15.8.2025 | 18.8.2025 to 22.8.2025 | 25.8.2025 to 29.8.2025 |
|---|---|---|---|---|---|
| မတ်ပဲ (2024-25 Crop) | FAQ | 725-735 | 720-730 | 720-730 | 700-710 |
| | SQ | 800-810 | 795-805 | 795-805 | 775-785 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 825-845 | 820-840 | 820-840 | 800-820 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 925-945 | 920-940 | 920-940 | 900-920 |
| | အခွံပါအခြမ်း | 825-845 | 820-840 | 820-840 | 800-820 |
| ပဲတီစိမ်း (2024-25 Crop) | FAQ (အညာ) | 960-970 | 930-940 | 900-910 | 900-910 |
| | FAQ (ရွှေဝါ) | 1130-1140 | 1130-1140 | 1130-1140 | 1130-1140 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 1190-1200 | 1190-1200 | 1190-1200 | 1190-1200 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 1160-1170 | 1160-1170 | 1160-1170 | 1160-1170 |
| | ရွှေဝါအသေး (Under 3.5 mm) | 1080-1090 | 1080-1090 | 1080-1090 | 1080-1090 |
| ပဲတီစိမ်း (2024 -25 Crop) | FAQ ပဲနောက် | 1000-1010 | 1000-1010 | 1000-1010 | 1000-1010 |
| | SQ ပဲနောက် | 1390-1400 | 1390-1400 | 1390-1400 | 1390-1400 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 1165-1185 | 1165-1185 | 1165-1185 | 1165-1185 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 970-990 | 970-990 | 970-990 | 970-990 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 920-940 | 920-940 | 920-940 | 920-940 |
| ပဲစင်းငုံ(2024 -25 Crop) | အနီ | 660-670 | 660-670 | 660-670 | 640-650 |
| ပဲစင်းငုံ (2024-25 Crop) | အဖြူ(စစ်ကိုင်း) | 620-630 | 620-630 | 620-630 | 600-610 |
| | အခွံချွတ်အခြမ်း | 960-980 | 960-980 | 960-980 | 940-960 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 755-765 | 735-745 | 735-745 | 720-730 |
| | အခွံချွတ်အခြမ်း | 1025-1045 | 1005-1025 | 1005-1025 | 990-1010 |
| ပဲလွန်းဖြူ | FAQ | 725-735 | 725-735 | 715-725 | 715-725 |
| | SQ | 790-800 | 790-800 | 790-800 | 790-800 |
| | အခွံချွတ်အခြမ်း | 865-885 | 865-885 | 855-875 | 855-875 |
| ပဲလွန်းနီ | FAQ | 675-685 | 675-685 | 675-685 | 675-685 |
| ပဲထောပတ် | FAQ | 730-740 | 705-715 | 675-685 | 655-665 |
| | အခွံချွတ်အခြမ်း | 755-775 | 730-750 | 700-720 | 680-700 |
| ပြောင်းဆန် | | 250-260 | 250-260 | 250-260 | 250-260 |
| နှမ်းဖြူ | | 1225-1235 | 1205-1215 | 1185-1195 | 1185-1195 |
| နှမ်းနက်(စမုန်) | | 2685-2695 | 2665-2675 | 2685-2695 | 2685-2695 |
| နှမ်းညို | | 1120-1130 | 1090-1100 | 1065-1075 | 1050-1060 |
| နှမ်းနက်(ရိုးရိုး) | | 2480-2490 | 2480-2490 | 2480-2490 | 2480-2490 |
| မြေထောက်ပဲ(အနီ)FAQ | | 830-840 | 810-820 | 810-820 | 810-820 |
| မြေထောက်ပဲ(အနီ)SQ | | 910-920 | 890-900 | 890-900 | 890-900 |
| မြေထောက်ပဲ(အဖြူ) | | 910-920 | 890-900 | 890-900 | 890-900 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 830-840 | 810-820 | 810-820 | 810-820 |
| ပဲယင်း(ဝါ) | | 610-620 | 610-620 | 600-610 | 600-610 |
| ပဲယင်း(နီ) | | 690-700 | 670-680 | 650-660 | 650-660 |
| ပဲကြီး | | 850-860 | 880-890 | 880-890 | 905-915 |
| ပဲကြီးအခွံချွတ်အခြမ်း | | 970-990 | 1000-1020 | 1000-1020 | 1025-1045 |
| Adzuki/Mung Beans (Red)/ Small Red Beans | | 1060-1070 | 1060-1070 | 1060-1070 | 1060-1070 |
| စွန်တာနီ/ပြာ | | 760-770 | 750-760 | 740-750 | 740-750 |
| မြေပဲ (လုံးဆန်) | | 1360-1370 | 1310-1320 | 1260-1270 | 1230-1240 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၅၊ ဩဂုတ်လတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 30.7.2025 to 5.8.2025 | 6.8.2025 to 12.8.2025 | 13.8.2025 to 19.8.2025 | 20.8.2025 to 27.8.2025 | 27.8.2025 to 2.9.2025 |
|---|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 100 % (Super 100 %) | 390-400 | 390-400 | 380-390 | 370-380 | 370-380 |
| 2 | Myanmar Long Grain White Rice 10% Broken (90 days) | 370-375 | 370-375 | 370-375 | 355-365 | 355-365 |
| 3 | Myanmar Long Grain White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | 360-370 | 360-370 | 345-355 | 335-340 | 335-340 |
| 4 | Myanmar Long Grain White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | 355-360 | 355-360 | 340-345 | 330-340 | 330-340 |
| 5 | Myanmar Long Grain White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | 350-355 | 350-355 | 335-340 | 325-330 | 325-330 |
| 6 | Myanmar Long Grain White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | 330-345 | 330-345 | 320-330 | 310-320 | 310-320 |
| 7 | Myanmar White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | 360-370 | 360-370 | 345-355 | 335-340 | 335-340 |
| 8 | Myanmar White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | 355-360 | 355-360 | 340-345 | 330-335 | 330-335 |
| 9 | Myanmar White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | 350-355 | 350-355 | 335-340 | 325-330 | 325-330 |
| 10 | Myanmar White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | 330-345 | 330-345 | 320-330 | 310-320 | 310-320 |
| 11 | Myanmar White Rice 5% Broken (747) (Well Milled Double Polished Sortexed) | - | - | - | - | 360-370 |
| 12 | Myanmar White Rice 10% Broken (747) (Well Milled Double Polished Sortexed) | - | - | - | - | 355-360 |
| 13 | Myanmar White Rice 15% Broken (747) (Well Milled Double Polished Sortexed) | - | - | - | - | 350-355 |
| 14 | Myanmar Long Grain White Rice(Emata) 5% Broken (Well Milled & Sortexed) | 360-365 | 360-365 | 345-355 | 335-340 | 335-340 |
| 15 | Myanmar Long Grain White Rice(Emata) 10% Broken (Well Milled & Sortexed) | 355-360 | 355-360 | 340-345 | 330-335 | 330-335 |
| 16 | Myanmar Long Grain White Rice(Emata) 15% Broken (Well Milled & Sortexed) | 350-355 | 350-355 | 335-340 | 325-330 | 325-330 |
| 17 | Myanmar Long Grain White Rice(Emata) 25% Broken (Well Milled & Sortexed) | 335-340 | 335-340 | 320-330 | 310-320 | 310-320 |
| 18 | Myanmar Long Grain White Rice(Emata) 5% Broken (Reasonable Well Milled) | 340-350 | 340-350 | 335-340 | 325-335 | 325-335 |
| 19 | Myanmar Long Grain White Rice(Emata) 10% Broken (Reasonable Well Milled) | 330-340 | 330-340 | 330-335 | 320-325 | 320-325 |
| 20 | Myanmar Long Grain White Rice(Emata) 25% Broken (Reasonable Well Milled) | 325-330 | 325-330 | 315-320 | 300-310 | 300-310 |
| 21 | Myanmar Long Grain White Rice (GW-11) 5% Broken (Well Milled Double Polished Sortexed) | 360-370 | 360-370 | 350-360 | 345-350 | 345-350 |
| 22 | Myanmar Long Grain White Rice (GW-11) 10% Broken (Well Milled Double Polished Sortexed) | 355-360 | 355-360 | 340-350 | 340-345 | 340-345 |
| 23 | Myanmar Long Grain White Rice (GW-11) 25% Broken (Well Milled Double Polished Sortexed) | 335-345 | 335-345 | 330-340 | 325-330 | 325-330 |
| 24 | Myanmar White Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 380-390 | 380-390 | 355-360 | 340-350 | 340-350 |
| 15 | Myanmar White Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 350-355 | 330-340 | 330-340 |
| 26 | Myanmar White Rice (Kayinma)15% Broken (Well Milled Double Polished Sortexed) | 370-375 | 370-375 | 345-350 | 325-330 | 325-330 |
| 27 | Myanmar White Rice (Kayinma)25% Broken (Well Milled Double Polished Sortexed) | 360-365 | 360-365 | 330-335 | 320-325 | 320-325 |
| 28 | Myanmar White Rice (Sin Thu Kha)5% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 355-360 | 335-340 | 335-340 |
| 29 | Myanmar White Rice (Sin Thu Kha)10% Broken (Well Milled Double Polished Sortexed) | 370-380 | 370-380 | 350-355 | 330-335 | 330-335 |
| 30 | Myanmar White Rice (Sin Thu Kha)15% Broken (Well Milled Double Polished Sortexed) | 365-370 | 365-370 | 345-350 | 325-330 | 325-330 |
| 31 | Myanmar White Rice (Sin Thu Kha)25% Broken (Well Milled Double Polished Sortexed) | 350-360 | 350-360 | 330-335 | 320-325 | 320-325 |
| 32 | Myanmar White Rice (Thee Pu)5% Broken (Well Milled Double Polished Sortexed) | 365-375 | 365-375 | 350-355 | 340-350 | 340-350 |
| 33 | Myanmar White Rice (Thee Pu)10% Broken (Well Milled Double Polished Sortexed) | 360-365 | 360-365 | 345-350 | 335-340 | 335-340 |
| 34 | Myanmar White Rice (Thee Pu)15% Broken (Well Milled Double Polished Sortexed) | 355-360 | 355-360 | 340-345 | 330-335 | 330-335 |
| 35 | Myanmar White Rice (Thee Pu)25% Broken (Well Milled Double Polished Sortexed) | 345-355 | 345-355 | 325-335 | 320-330 | 320-330 |
| 36 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 355-360 | 340-350 | 340-350 |
| 37 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 370-375 | 370-375 | 350-355 | 335-340 | 335-340 |
| 38 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 365-370 | 365-370 | 345-350 | 330-335 | 330-335 |
| 39 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 360-365 | 360-365 | 330-335 | 320-330 | 320-330 |
| 40 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Reasonable Well - Milled) | 345-355 | | 315-325 | 310-320 | 310-320 |
| 41 | Myanmar Long Grain Fragrant Rice 5% Broken (Well Milled Double Polished Sortexed) | 475-490 | 475-490 | 475-490 | 475-490 | 475-490 |
| 42 | Myanmar White Rice Tun Pu (or)Bike Phyu 5% Broken(Well Milled Double Polished Sortexed) | 395-400 | 395-400 | 355-365 | 340-350 | 340-350 |
| 43 | Myanmar White Rice Tun Pu (or)Bike Phyu 10% Broken(Well Milled Double Polished Sortexed) | 390-395 | 390-395 | 350-355 | 335-340 | 335-340 |
| 44 | Myanmar White Rice Tun Pu (or)Bike Phyu 15% Broken(Well Milled Double Polished Sortexed) | 385-390 | 385-390 | 345-350 | 330-335 | 330-335 |
| 45 | Myanmar White Rice Tun Pu (or)Bike Phyu 25% Broken(Well Milled Double Polished Sortexed) | 355-360 | 355-3605 | 330-340 | 320-330 | 320-330 |
| 46 | Myanmar Parboiled Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 520-525 | 520-525 | 520-525 | 480-500 | 480-500 |
| 47 | Myanmar Parboiled Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 510-520 | 510-520 | 510-520 | 470-480 | 470-480 |
| 48 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 520-525 | 520-525 | 500-510 | 480-500 | 480-500 |
| 49 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 510-520 | 510-520 | 490-500 | 470-480 | 470-480 |
| 50 | Myanmar Glutinous Rice 5% Broken (Well Milled) | 490-500 | 490-500 | 490-500 | 490-500 | 490-500 |
| 51 | Myanmar Glutinous Rice 10% Broken (Well Milled) | 480-490 | 480-490 | 480-490 | 480-490 | 480-490 |
| 52 | Myanmar Glutinous Rice 15% Broken (Well Milled) | 470-480 | 470-480 | 470-480 | 470-480 | 470-480 |
| 53 | Myanmar Glutinous Rice 25% Broken (Well Milled) | 460-470 | 460-470 | 460-470 | 460-470 | 460-470 |
| 54 | Myanmar Glutinous Rice 10% Broken (Reasonable Well Milled) | 455-465 | 455-465 | 455-465 | 455-465 | 455-465 |
| 55 | Myanmar Glutinous Rice 25% Broken (Reasonable Well Milled) | 440-450 | 440-450 | 440-450 | 440-450 | 440-450 |
| 56 | Myanmar Brown Rice 5% Broken | 355-360 | 355-360 | 355-360 | 325-335 | 325-335 |
| 57 | Myanmar Brown Rice 10% Broken | 345-355 | 345-355 | 345-355 | 320-325 | 320-325 |

**Source: MRF**

## ၂၀၂၅၊ ဩဂုတ်လအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 1.8.2025 | 69.31 | 72.53 | 221.56 | 3.10 | 239.95 |
| 2 | 4.8.2025 | 67.25 | 69.52 | 211.16 | 3.04 | 229.39 |
| 3 | 5.8.2025 | 66.07 | 68.55 | 209.52 | 2.93 | 230.28 |
| 4 | 6.8.2025 | 65.55 | 68.05 | 209.91 | 3.01 | 225.96 |
| 5 | 7.8.2025 | 64.73 | 67.27 | 209.73 | 3.10 | 226.35 |
| 6 | 8.8.2025 | 63.56 | 66.15 | 206.64 | 3.07 | 225.81 |
| 7 | 11.8.2025 | 63.56 | 66.31 | 207.56 | 2.92 | 226.67 |
| 8 | 12.8.2025 | 64.18 | 66.89 | 208.70 | 2.97 | 229.26 |
| 9 | 13.8.2025 | 63.14 | 66.14 | 207.14 | 2.80 | 223.79 |
| 10 | 14.8.2025 | 62.86 | 65.85 | 208.23 | 2.83 | 225.07 |
| 11 | 15.8.2025 | 63.84 | 66.75 | 210.69 | 2.86 | 223.82 |
| 12 | 18.8.2025 | 62.81 | 65.77 | 207.31 | 2.86 | 222.51 |
| 13 | 19.8.2025 | 63.07 | 66.25 | 209.25 | 2.89 | 223.48 |
| 14 | 20.8.2025 | 62.39 | 65.88 | 208.52 | 2.76 | 225.58 |
| 15 | 21.8.2025 | 62.99 | 67.09 | 213.25 | 2.76 | 227.69 |
| 16 | 22.8.2025 | 63.42 | 67.56 | 216.25 | 2.81 | 232.26 |
| 17 | 25.8.2025 | 63.71 | 67.76 | 215.28 | 2.64 | 231.35 |
| 18 | 26.8.2025 | 64.47 | 68.50 | 213.84 | 2.69 | 233.54 |
| 19 | 27.8.2025 | 63.27 | 67.27 | 212.76 | 2.72 | 228.17 |
| 20 | 28.8.2025 | 63.56 | 67.48 | 213.03 | 2.89 | 226.99 |
| 21 | 29.8.2025 | 64.18 | 68.20 | 219.91 | 2.97 | 229.33 |

Source: Bloomberg Commodities

## ၂၀၂၅၊ ဩဂုတ်လအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 1.8.2025 | 3296 | 3302 |
| 2 | 4.8.2025 | 3361 | 3368 |
| 3 | 5.8.2025 | 3375 | 3381 |
| 4 | 6.8.2025 | 3378 | 3385 |
| 5 | 7.8.2025 | 3376 | 3383 |
| 6 | 8.8.2025 | 3397 | 3404 |
| 7 | 11.8.2025 | 3379 | 3385 |
| 8 | 12.8.2025 | 3359 | 3365 |
| 9 | 13.8.2025 | 3355 | 3360 |
| 10 | 14.8.2025 | 3360 | 3363 |
| 11 | 15.8.2025 | 3348 | 3353 |
| 12 | 18.8.2025 | 3353 | 3359 |
| 13 | 19.8.2025 | 3342 | 3347 |
| 14 | 20.8.2025 | 3324 | 3329 |
| 15 | 21.8.2025 | 3345 | 3350 |
| 16 | 22.8.2025 | 3334 | 3339 |
| 17 | 25.8.2025 | 3372 | 3378 |
| 18 | 26.8.2025 | 3375 | 3380 |
| 19 | 27.8.2025 | 3384 | 3389 |
| 20 | 28.8.2025 | 3392 | 3397 |
| 21 | 29.8.2025 | 3415 | 3423 |

Source: Bullionvault,